# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၆)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (30-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၅/၂၀၂၅)**
၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်
(၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ တွင် –

(က) ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု၊ ပဏ္ဍိတ၊ မဟန့်၊ စံညာစီ၊ စံညာစိနီ၊ ဆာဒူး(ဆာဒူးကြီး)၊ ဆာဒ်ဝီ၊ ဆွာမိ၊ ဆွာမိနီ အပါအဝင် ဟိန္ဒူဘုန်းတော်ကြီးများ၊”

(ခ) ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)၏နောက်တွင် ပုဒ်မခွဲငယ်(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(၄) အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ သို့မဟုတ် မော်လာနာ၊ ဟာဖိဇ်၊ အီမန်၊ မုဖ်သီ၊ မုဖတ်စိရ်၊ အိုလမာ၊ ပီရ် သို့မဟုတ် မရှာအိခ် အပါအဝင် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်းများ။”

(ဂ) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ (တ) နှင့် ပုဒ်မခွဲ (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

“(တ) **အီလက်ထရောနစ်မဲပေးစက် (Electronic Voting Machine–EVM)** ဆိုသည်မှာ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း၊ဆန္ဒမဲရလဒ်များရေတွက်ခြင်းနှင့်သိမ်းဆည်းခြင်းတို့ဆောင်ရွက်နိုင်သည့် အီလက်ထရောနစ်စနစ်ဖြင့် ပြုလုပ်ထားသော စက်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာကို ဆိုသည်။

(ထ) **အိုမင်းမစွမ်းသူ** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကို ဆိုသည်။”

(ဃ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ(ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

**စာမျက်နှာ ၆ ကော်လံ ၁**

## နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်

**စာမျက်နှာ ၂၅ ကော်လံ ၁**

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ- ၈

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ- ၁၈




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၃၀ ရက်
အယ်ဒီတာ့အာဘော်

# အမှောင်မှသည် အလင်းဆီသို့ ဝင်ရောက်လာသူများကို ကြိုဆို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးပြီး အကြမ်းဖက်အဖွဲ့အစည်းများသို့ဝင်ရောက်စေကာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်စေခဲ့ပါသည်။ ထိုအကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာသောအဟန့်အတားများကို ဖြစ်ပေါ်စေခဲ့ပါသည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ပဓာနကျသည့် လူငယ်လူရွယ်များ အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် အကြမ်းဖက်အဖွဲ့များအတွင်းရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိအဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက်နေ့မှ ဇူလိုင် ၂၇ ရက်နေ့အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY-PDF အဖွဲ့ဝင် ၅၂ ဦး၊ စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူအဖွဲ့ဝင်တချို့သည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သဖြင့် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ငြိမ်းချမ်းစွာနေထိုင်လို၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများသည် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုး ပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ခဲ့ကြခြင်းဖြစ်ပြီး ၎င်းတို့ကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ပါသောကြောင့် နိုင်ငံအတွက် တန်ဖိုးရှိသောလူငယ်လူရွယ်များအနေဖြင့် အတွေးမှား၊ အယူမှားများဖြင့် အမှောင်ထုအတွင်းမှာ နစ်မြုပ်မနေဘဲ ဥပဒေဘောင်အတွင်းသို့ အမြန်ဆုံးဝင်ကာ နိုင်ငံအတွက်အဖိုးတန်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် မိမိကိုယ်ကိုပြန်လည်ပြုပြင်ပြင်ဆင်ချိန်တန်ပြီဖြစ်ပါကြောင်း အသိပေးရေးသားအပ်ပါသည်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၉၁၄ ဧကစိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲစင်းငုံ ၆၀၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲစင်းငုံ ၅၉၁၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၆၀၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ အထွက်နှုန်းတိုးတက်စေဖို့၊ ပိုးမွှားရောဂါ ကင်းရှင်းစေဖို့ တောင်သူတွေကိုစိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေက ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို ဝင်ငွေတိုးပွားရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာစတဲ့ သီးနှံတွေနဲ့ သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါ ကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရမည်းသင်းမြို့နယ် သီးကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီးကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် သီးကုန်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်အိမွန်ကျော်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၅၀၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက သီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို VRFP စီမံကိန်း ရန်ပုံငွေကျပ် ၅၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီးထပ်ရင်စပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီးထပ်ရင်စပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီးထပ်ရင်စပါး တင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ဇွန်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန့်ကြီးထောင့်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က မှာယူမှုအားများနေလို့ တင်ပို့အားတက်လာတာ ဖြစ်ပါတယ်။ ပြည်တွင်းဆန်စပါးဈေးကွက်မှာကို သီးထပ်ရင်စပါးက အဝယ်လိုက်နေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် သူငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သူငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သူငွေးကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၂၇ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၄ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၌ သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဖဖ-၈ အိမ်အမှတ်(၄၄)နေ ဦးဉာဏ်ဝင်း-ဒေါ်မေဇော်ဝင်းတို့က ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ ကို မွေးနေ့အလှူအဖြစ် လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင်များဖြစ်သော ဦးဝင်းမြင့်နှင့် ဦးမောင်မောင်သောင်းတို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် မိုးကြိုပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၆၆ တင်းထွက်ရှိ



**ချောင်းဦး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးကြိုပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၆ တင်းထွက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ မိုးကြိုပဲတီစိမ်း ၈၈၂၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လဒုတိယပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချောင်းဦးမြို့နယ် မိုးကြိုကာလ မိုးကြိုပဲတီစိမ်း ၈၈၂၃ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၌ သိရသည်။

(၂၀၆)

# သာယာဝတီမြို့နယ် ကြို့ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**သာယာဝတီ ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကြို့ကုန်းကျေးရွာ၌ ၄၀၀ မီတာ အားလိုင်း (ပေ ၃၂၀၀ )တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် စနစ်တကျ ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြို့ကုန်းကျေးရွာ၌ အဆိုပါ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် သိန်း ၁၂၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလစတုတ္ထပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းလည်း ယခင်ကထက် ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ဟင်္သာတမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြ၌ သိရသည်။

ဟင်္သာတမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များကို စနစ်တကျထုတ်လုပ်ပြီး ဝယ်ယူသည့် ဒေသများကို တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုဇူလိုင်လ ဒုတိယပတ်လောက်ကတည်းက စတင် အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်"ဟု ဟင်္သာတမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဟင်္သာတမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုများပြားလာခြင်းကြောင့် ကုန်သည်များ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြင်စိုင်းမြို့ဟောင်းရှိ ဥစ္စနာမင်းကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



မြင်စိုင်းနန်းဦးစေတီကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ဥစ္စနာမင်းကျောက်စာကို တွေ့ရစဉ်။

ပုဂံခေတ်မကုန်ဆုံးမီ သက္ကရာဇ် ၆၆၂ ခုနှစ်တွင် မင်းညီနောင်သုံးပါးဖြစ်သည့် အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူတို့သည် မြင်စိုင်း၊ ပင်လယ်၊ မက္ခရာကို တည်၍ မင်းပြုခဲ့ကြသည်။ မင်းညီနောင်သုံးပါးတွင် အကြီးဆုံးဖြစ်သူ အသင်္ခယာက မြင်စိုင်း၌လည်းကောင်း၊ ညီတော်အလတ် ရာဇသင်္ကြံက မက္ခရာ၌လည်းကောင်း၊ ညီတော်အငယ် သီဟသူက ပင်လယ်၌လည်းကောင်း မြို့တည်ကာ မင်းပြုခဲ့ကြသည်။ ငါးနှစ်အကြာတွင် မက္ခရာမင်းရာဇသင်္ကြံ အနိစ္စရောက်ခဲ့ကာ ၁၂ နှစ်အကြာတွင် မြင်စိုင်းရွှေနန်းရှင် အသင်္ခယာသည် ညီတော်သီဟသူလုပ်ကြံသဖြင့် အနိစ္စရောက်ခဲ့သည်။

သီဟသူသည် သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပင်းယကိုတည်ကာ နန်းစံခဲ့၍ ပင်းယ၌ မင်းခြောက်ဆက် နန်းစံခဲ့ပြီး ဥစ္စနာပျောင်မင်းလက်ထက် သက္ကရာဇ် ၇၂၆ ခုနှစ်တွင် ပင်းယပျက်ခဲ့သည်။ ၅၃ နှစ်ကြာမြင့်ခဲ့သည့် ထိုကာလကို မြန်မာ့သမိုင်းတွင် ပင်းယခေတ် (၁၃၁၃-၁၃၆၅)ဟု မှတ်သားခဲ့ကြသည်။

ပင်းယခေတ်တွင် ဘုရင်ခြောက်ပါး နန်းစံခဲ့ကြောင်း မြန်မာရာဇဝင်များတွင် ရေးသားကြသော်လည်း တွင်းသင်းမဟာရာဇဝင်သစ် အောက်ခြေမှတ်စုတွင် ပင်းယမင်းဆက် ခုနှစ်ဆက်ကို နန်းစံနှစ်များနှင့်တကွ ယှဉ်တွဲဖော်ပြထားသည်။ ပင်းယနန်းစံဘုရင်များအနက် ဒုတိယမြောက်ဘုရင်ဖြစ်သည့် ဥစ္စနာ (၁၃၂၂-၁၃၄၀)သည် သီဟသူ (၁၃၁၀-၁၃၂၂)၏ သားတော်ဖြစ်၍ စကားကျောင်းဒါယကာအဖြစ် ထင်ရှားသည်။

မြင်စိုင်းမြို့ဟောင်း နန်းဦးစေတီရှေ့ရှိ ကျောက်စာရုံတွင် ထိန်းသိမ်းထားသော ကျောက်စာတွင် ဥစ္စနာမင်းကြီးက အချင်း ၁၀၃ တောင်ရှိသည့် စေတီကြီးကိုတည်ခဲ့ကြောင်း ရေးထိုးထားရာ ထိုစေတီသည် မြင်စိုင်းနန်းဦးစေတီဖြစ်မည်ဟု ခန့်မှန်းရပေသည်။

**မြင်စိုင်းမြို့ဟောင်း**

အသင်္ခယာနန်းစံခဲ့သည့် မြင်စိုင်းမြို့သည် ယခုမန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့မှ အရှေ့တောင်ဘက် လေးမိုင်အကွာတွင်တည်ရှိကာ မြန်မာရာဇဝင်ကျမ်းများအလိုအရ ဘိန္နကမင်း၏ သားတော် သိင်္ဂီဗိုက မူလတည်ထောင်ခဲ့သည့် မြို့ဖြစ်သည်။

ရာဇဝင်ဦးကာအလိုအရ ဘိန္နကမင်းသည် မန်လည်ချောင်းတွင် နေထိုင်ခဲ့သည်။ ဘိန္နကမင်း ကွယ်လွန်လျှင် အစုသုံးစုကွဲ၍ တစ်စုက သုနာပရန္တတိုင်းသို့ဝင်၍ တစ်စုကငင်းအရပ်၌ ဆက်လက်နေထိုင်ကြပြီး ကျန်တစ်စုက ရှမ်း ၁၉ ခရိုင်ကို တည်ထောင်နေထိုင်ခဲ့သည်ဟုဆိုသည်။

ဘိန္နကမင်းကွယ်လွန်ပြီးနောက် သားကြီးက မင်းဖြစ်လာခဲ့ကာ သားငယ်ဖြစ်သူ သိင်္ဂီဗိုသည် အစ်ကိုဖြစ်သူသတ်ဖြတ်မည်ကို ကြောက်ရွံ့သဖြင့် ဘိန္နကမြို့မှထွက်ခဲ့ကာ မြင်စိုင်းတွင် သူကြွယ်သမီးနှင့်အိမ်ထောင်ကျ၍ သားသုံးယောက်နှင့်သမီး တစ်ယောက်ထွန်းကားခဲ့သည်။ သိင်္ဂီဗိုသည် သားသုံးယောက်ကို ပုဂံဘုရင် နရသီဟပတေ့(၁၂၅၆-၁၂၈၇) ထံဆက်ခဲ့ရာ မင်းကြီးက အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူအမည်တို့ဖြင့် အပါးတော်တွင် ခစားစေ၍ သိင်္ဂီဗိုကို မြင်စိုင်းရွာကို အုပ်ချုပ်စေခဲ့သည်။ မင်းညီနောင်သုံးပါးသည် ကျော်စွာမင်းလက်ထက် (၁၂၈၇-၁၂၉၈)တွင် ဘုရင်အားကိုးအားထားပြုသည့် အမတ်ကြီး ကိုးဦးတွင်ပါဝင်ခဲ့သည်။

ပုဂံဘုရင် နရသီဟပတေ့ ကွယ်လွန်ခဲ့ပြီး သားတော် ကျော်စွာလက်ထက်တွင် အသင်္ခယာကို မြင်စိုင်း၊ ရာဇသင်္ကြံကို မက္ခရာ၊ သီဟသူကို ပင်လယ်ကိုပေးခဲ့သည်။ ဦးကုလား၏ မဟာရာဇဝင်ကြီးအလိုအရ ဘုရင်ကျော်စွာကို စိတ်မျက်ခဲ့သည့် မိဖုရားဖွားစောသည် မင်းညီနောင်သုံးဦးနှင့်ပေါင်းကာ မြင်စိုင်းတွင် ဂူ၊ ကျောင်း၊ ဘုရားများ ဆောက်လုပ်ခဲ့သည်။ ထို့နောက် ဘုရင်ကျော်စွာကို ဥပါယ်တံမျဉ်ဖြင့် လယ်တွင်း ၁၁ ရွာသို့ ဖိတ်ခေါ်၍ ၎င်းကျောင်းများကို သာလျောင်းတောင်ထိပ်မှ ပြသခဲ့သည်ဟုဆိုသည်။ ထို့နောက် ညီနောင်သုံးပါးသည် ပုဂံဘုရင်ကျော်စွာကို မြင်စိုင်းသို့ လှည့်ဖြားခေါ်ကာ နန်းချခဲ့သည်။ ပုဂံဘုရင်ကျော်စွာသည် မြင်စိုင်းတွင်နေခဲ့စဉ် ပုဂံသို့ မျှော်ခဲ့သည့်နေရာဟုယူဆကြသည့် တောင်စောင်းတွင် ပုဂံမျှော်ရုပ်ပွားတော်ကိုတည်ထားခဲ့ရာ ယခုအခါတွင် အရာမျှသာ ကြွင်းကျန်နေပြီး ရုပ်ပွားတော်၏ဦးခေါင်းကို တောင်စောင်းတွင်မြင်တွေ့ကြရသည်။

ပုဂံဘုရင် မင်းစောနစ်(၁၂၉၈-၁၃၂၅)နှင့် မိဖုရားဖွားစောသည် မြင်စိုင်း၌ ပုဂံဘုရင်ကျော်စွာရှိနေစဉ် တရုတ်ကေရာဇ်ဥတည်ဘွားကို မြင်စိုင်းသို့ တပ်များ စေလွှတ်ပေးရန် အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် တရုတ်စစ်သူကြီးလေးယောက်ဖြစ်သည့် သံစိန်တိနိစင်၊ ယော်ခေတိနိစင်၊ မော်ရာတိနိစင်၊ မော်ရခိတိနိစင်တို့ ဦးစီးသည့် တပ်များသည် ခရစ်နှစ် ၁၃၀၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် မြင်စိုင်းသို့ ရောက်ရှိလာခဲ့ကြသည်။

မင်းညီနောင်သုံးပါးသည် ပုဂံဘုရင်ကျော်စွာကို သတ်၍ ဦးခေါင်းကို တရုတ်တို့ကိုပြခဲ့ရာ တရုတ်တို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။ တရုတ်တို့သည် မိမိတို့အင်အားကို ပြသလိုသဖြင့် အလျား တာ ၇၀၀၊ အနက် နှစ်တာ၊ ဇောက်နှစ်တာရှိသည့် မြောင်းတစ်ခုကို ညတွင်းချင်းတူးခဲ့ရာ သင်းတွဲမြောင်းဟု ထင်ရှားခဲ့သည်။ သင်းတွဲမြောင်းသည် မျက်မှောက်ခေတ်အတိုင်းအတာအရ အလျား ပေ ၇၃၅၀၊ အကျယ် ၂၂ ပေ၊ အနက် ၂၂ ပေရှိသဖြင့် မြင်စိုင်းခေတ် အတိုင်းအတာ တစ်တာသည် ၁၀ ဒသမ ၅ ပေဖြစ်ကြောင်း သိရသည်။

တရုတ်မွန်ဂိုတပ်များသည် ခရစ်နှစ် ၁၃၀၁ ခုနှစ် ဧပြီလဆန်းတွင် မြင်စိုင်းမှ ပြန်လည်ထွက်ခွာခဲ့ကြပြီးနောက် ညီနောင်သုံးပါးတို့သည် မိမိတို့ ပိုင်ဆိုင်သည့်နယ်များတွင် အပြိုင်မင်းပြုခဲ့ကြသည်။

**ကျောက်ဆည်ဒေသရှိ မြင်စိုင်း**

ပုဂံခေတ်တွင် မြန်မာနိုင်ငံ၏စပါးကျီအဖြစ် ထင်ရှားခဲ့သည့် ကျောက်ဆည်မြို့ကို ရှေးအခါက မွှတ်သာ (သာယာသော မြစ်ရှိသောနေရာ)ဟု ခေါ်ဆိုခဲ့သည်။ ပုဂံဘုရင်အနော်ရထာသည် ငပြောင်ဆည်ကို တည်ဆောက်ပြီး ဇော်ဂျီမြစ်ကို ကျောက်များဖြင့် ဆည်ဖို့ခဲ့မှုကို အကြောင်းပြုလျက် ကျောက်ဆည်ဟု ခေါ်တွင်ခဲ့သည်။ ထို့အတူ ကျောက်၊ သရေ၊ မွှောင် အမည်ရှိ ရွာသုံးရွာကိုပေါင်းစည်းလျက် ကျောက်ရွာတည်ခဲ့ခြင်းကိုအစွဲပြုလျက် ကျောက်ဆည်ဟု အမည်တွင်ခဲ့ကြောင်း ယူဆမှုများလည်းရှိခဲ့သည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ စေတီပုထိုး အဆူ ၂၂၀ အနက် တမုတ်ရှင်ပင်ရွှေဂူကြီး၊ ရွှေသိမ်တော်၊ ရွှေဆပ်သွား၊ ရွှေမုဋ္ဌော၊ ရွှေသာလျောင်း စသည်တို့သည် အထူးထင်ရှားကာ ကျောက်ဆည်မြို့သို့ရောက်ရှိလျှင် ထင်ရှားသောမြို့ဟောင်းသုံးမြို့ ဖြစ်သည့် ပင်လယ်၊ မက္ခရာ၊ မြင်စိုင်းတို့သို့ သွားရောက်လေ့လာနိုင်ကြသည်။

ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့သော တာဝတိံသာ နတ်ရွာလော၊ နတ်ရွာလောဟု အစချီသည့် မြင်စိုင်းရွှေပြည် ကာချင်းကို အခြေခံပညာအထက်တန်းတွင် ပြဋ္ဌာန်းထားသဖြင့် မျက်မှောက်ခေတ် ကျောင်းသားလူငယ်များသည် မြင်စိုင်းဟူသည့်အမည်ကို သိရှိကြသည်။ ကာချင်းတွင် ဖွဲ့ဆိုထားမှုအရ တစ်ချိန်က ရွှေပြည်အလား ထွန်းကားစည်ပင်ခဲ့သည့် မြင်စိုင်းသည် ယခုအချိန်တွင် ရှေးဟောင်းသုတေသန နယ်မြေတစ်ခုအဖြစ် ကျန်ရှိနေခဲ့ပြီး မြို့ရိုးဟောင်း၊ သင်းတွဲမြောင်း၊ ရှေးဟောင်းလိုဏ်ဂူတချို့နှင့် နံရံဆေးရေးပန်းချီများကို လေ့လာနိုင်ကြသည်။

❖သက္ကရာဇ် ၆၉၁ ခုနှစ်ထိုး မှုရင်းကျောက်စာကို နန်းဦးစေတီတော် ရှေ့မျက်နှာစာ ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။ ဥစ္စနာမင်းကြီးသည် အချင်း ၁၀၃ တောင်ရှိသည့် စေတီတော်ကို ၆၉၁ ခုနှစ် တပေါင်းလဆန်း ၃ ရက်တွင် တည်ထားခဲ့ကြောင်း ကျောက်စာတွင် ရေးထိုးထားသည်။ ထိုကျောက်စာကို ပါမောက္ခ(ငြိမ်း) ဒေါက်တာ မောင်မောင်လေးနှင့်အဖွဲ့က အက္ခရာဖလှယ်ကာ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပြီး ကျောက်စာရုံတွင်ပြသထားသည်။ မှုရင်းကျောက်စာသည် တစ်မျက်နှာထိုး ကျောက်စာဖြစ်၍ စာကြောင်းရေ ၂၂ ကြောင်း ရေးထိုးထားသည်။ ❖

**မြင်စိုင်းနန်းဦးစေတီကျောက်စာ**

မြင်စိုင်းမြို့ဟောင်းသည် ယခုကျောက်ဆည်မြို့မှ အရှေ့ဘက်ယွန်းယွန်း ဖျောက်ဆိပ်ပင်သို့ သွားသည့် မော်တော်ကားလမ်းကို ခွလျက်တည်ရှိနေပြီး မြို့ဟောင်း၌ မြို့ရိုးအကြွင်းအကျန်တချို့ ကျန်ရှိနေသည်။ မြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံဟု ယူဆရဖွယ်ရှိကာ မြို့ဟောင်းအတွင်းရှိ နန်းဦးစေတီတော်သို့ ကျောက်ဆည် ဖျောက်ဆိပ်ပင်ကားလမ်းမှ တည့်တည့်မတ်မတ်သွားရောက်နိုင်သည်။ နန်းဦးစေတီကို ခေတ်အဆက်ဆက်ပြုပြင်ခဲ့သဖြင့် ယခုအချိန်တွင် ပစ္စယာငါးဆင့်မှလွဲ၍ မူလလက်ရာများမကျန်ရှိတော့ပေ။

သက္ကရာဇ် ၆၉၁ ခုနှစ်ထိုး မှုရင်းကျောက်စာကို နန်းဦးစေတီတော် ရှေ့မျက်နှာစာ ကျောက်စာရုံတွင် ထိန်းသိမ်းထားသည်။ ဥစ္စနာမင်းကြီးသည် အချင်း ၁၀၃ တောင်ရှိသည့် စေတီတော်ကို ၆၉၁ ခုနှစ် တပေါင်းလဆန်း ၃ ရက်တွင် တည်ထားခဲ့ကြောင်း ကျောက်စာတွင်ရေးထိုးထားသည်။ ထိုကျောက်စာကို ပါမောက္ခ (ငြိမ်း) ဒေါက်တာမောင်မောင်လေးနှင့် အဖွဲ့က အက္ခရာဖလှယ်ကာ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပြီး ကျောက်စာရုံတွင်ပြသထားသည်။

မှုရင်းကျောက်စာသည် တစ်မျက်နှာထိုး ကျောက်စာဖြစ်၍ စာကြောင်းရေ ၂၂ ကြောင်း ရေးထိုးထားသည်။ ကျောက်စာကို မည်သည့်အချိန်တွင် မည်သည့်နေရာ၌ တွေ့ရှိခဲ့ကြောင်း မထင်ရှားသကဲ့သို့ ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်အတွဲများတွင်လည်း ဖော်ပြထားခြင်း မရှိချေ။

သို့သော် ကျောက်စာတွင် ရေးထိုးထားသည့် စာသားများအရ ဥစ္စနာမင်းကြီးသည် မူလကရှိထားသည့် စေတီငယ်ကို ဌာပနာ၍ စေတီကြီးတစ်ဆူကို တည်ခဲ့သည်။ စေတီတည်ရခြင်း၏ ရည်ရွယ်ချက်သည် ဗုဒ္ဓသာသနာ နှစ် ၅၀၀၀ တည်စိမ့်သောငှာဖြစ်သည်။

မင်းကြီးသည် စေတီတည်ပြီးနောက် လယ်နှင့် ကျွန်များကိုလှူဒါန်းကြောင်း ကျောက်စာတွင် ရေးထိုးထားသည်။

နန်းဦးစေတီအနောက်ဘက်တွင် မြေ ပယ် ၈၀၊ ကျွန်တစ်ယောက်၊ သင်တောင်ငံတွင် မြေပယ် ၈၀ နှင့် ကျွန်တစ်ယောက်၊ တပိုတွင် မြေပယ် ၈၀၊ လုံဖနီရွာတွင် လယ်ပယ် ၇၀ နှင့် ကျွန်တစ်ယောက် လှူခဲ့သည်။

ထို့အတူ ကြက်တင်စေတီကို မြေ ၇၃ ပယ်နှင့် ကျွန်တစ်ယောက်၊ ကျောက်ဆည်တွင် မြေပယ် ၉၀ နှင့် ကျွန်တစ်ယောက်၊ တောင်ဖြူစေတီကို မြေပယ် ၈၀၊ ကန္တသူရွာတွင် မြေပယ် ၇၀ နှင့် ကျွန်တစ်ယောက်၊ လက်သည်းရှည်စေတီကို ထနောင်ကြည်ရွာရှိ မြေ ၈၅ ပယ်၊ ထန်း ၁၀၀ လှူဒါန်းခဲ့သည်။ တောင်ရှည်စေတီကို ပင်တလည်ရွာရှိ မြေပယ် ၁၂၀ နှင့် ကျွန်ကိုလှူခဲ့ကာ လှူခဲ့သည့် ကျွန်များ၏အမည်များကိုပါ မှတ်တမ်းတင်ရေးထိုးခဲ့သည်။

သက္ကရာဇ် ၇၃၀ ခုနှစ်တပို့တွဲလပြည့် ဥပုသ်နေ့တွင် စကုမင်းသိင်္ကသူက ဥစ္စနာမင်းကြီးကို ကျောက်ချောင်းမည်သော မြေအရပ်၌လယ် ငါးပယ်နှင့် ကျွန်လင်မယားတစ်အိမ်ထောင်လှူခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၈၀၄၀ စိုက်ပျိုးရန် လျာထားပြီး မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ့က ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေ့က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

မင်းကြီးသည် ရှေးကျောက်စာများ၏ ရေးထုံးအတိုင်းကျောက်စာတွင် ဆုတောင်းစာနှင့် ကျိန်စာကိုရေးထိုးခဲ့ရာ ငါ၏ကောင်းမှုကို ချီးမြှောက်သူကား ငါနှင့်အတူရပါစေသတည်း။ ဖျက်ဆီးသူကားအပါယ်လေးပါးလားပါစေသတည်း၊ ဒဏ်၁၀ ပါး သင့်စေသတည်း၊ ဘုရားတကာချွတ်၍ မကျွတ်ရာသော နိယတမိစ္ဆာဒိဋ္ဌိသံသရာသစ်ငုတ်ဖြစ်စေသတည်းဟု ရေးထိုးခဲ့သည်။

မင်းကြီးသည် မိမိပြုသည့်အလှူကို ဤကောင်းမှုအကျိုးဖြင့် အမိ၊ အဖ၊ မယား၊ သား၊ ညီအစ်ကို၊ အဆွေ အညာ၊ သဗ္ဗသတ္တာ လူနတ်တကာ ရပါစေသတည်းဟု အမျှဝေခဲ့သည်။

ကျောက်စာပါ အထောက်အထားအရ ပင်းယခေတ် ဒုတိယဘုရင် ဥဇ္စနာ(၁၃၂၂- ၁၃၄၀)သည် ပင်းယတွင်နန်းစံနေခိုက် နန်းသက် ခုနစ်နှစ်တွင် မြင်စိုင်းသို့သွားကာ စေတီဟောင်းကိုငုံပြီး နန်းဦးစေတီကို တည်ခဲ့ခြင်းဖြစ်သည်။ ဥဇ္စနာသည် သီဟသူမင်း (၁၃၀၉-၁၃၂၂) နှင့် မိဖုရားမိစောဦး၏သားတော်ဖြစ်၍ ခမည်းတော်လက်ထက်တွင် အိမ်ရှေ့မင်းဖြစ်ခဲ့သည်။ ခမည်းတော် အနိစ္စရောက်ပြီးနောက် ဥဇ္စနာသည် ပင်းယဘုရင်ဖြစ်လာခဲ့ကာ အနုရုဒ္ဓါမဟာဓိပတိဘွဲ့မည်ကိုယူခဲ့သည်။

ဥဇ္စနာမင်းသည် သက္ကရာဇ် ၆၈၂ ခုနှစ် ( ခရစ်နှစ် ၁၃၂၀ ပြည့်နှစ်) တွင် ပင်းကျားအရပ်၌ စကားကျောင်း ခုနစ်ကျောင်းကို တည်ဆောက်လှူဒါန်းခဲ့သည်။ ပင်းယခေတ်တွင်ထင်ရှားခဲ့သည့် စကားကျောင်းခုနစ်ကျောင်းအနက် တွင်းသင်းရာဇဝင်သစ်အရ ဇမ္ဗူကကျောင်းကို အမတ်ပေသင်၏သား ရှင်မဟာသာမိသုဓမ္မအားလည်းကောင်း၊ ဝေဠုဝန်ကျောင်းကို အဘိဓမ္မာစာတတ်ပုဂ္ဂိုလ်ရှင်ဉာဏဓဇအားလည်းကောင်း၊ အိမ်နိမ့်ကျောင်းကို သက်ပန်းမြင်းသည်၌ သီတင်းသုံးသော အသက် ၂၈ နှစ်အရွယ် ရှင်ပရက္ကမအားလည်းကောင်း၊ ဇေတဝန်ကျောင်းကို ရှင်ဂုဏာဘိရာဇအားလည်းကောင်း၊ ကုလားကျောင်းကို သဒ္ဒသာရတ္ထဇာလိနီဋီကာကျမ်းပြု ရှင်ဝါစိဿရအားလည်းကောင်း၊ ရွှေကျောင်းကို ရှင်ဓမ္မလင်္ကာရအားလည်းကောင်း၊ တောင်စွန်ကျောင်းကို ရှင်ပုညဝါသီအားလည်းကောင်း တင်လှူခဲ့သည်။

ဥဇ္စနာမင်းကြီးသည် ၁၃၄၀ ပြည့်နှစ်တွင် ညီတော် ငါးစီးရှင်ကျော်စွာကို ထီးနန်းလွှဲ၍ မက္ခရာအရပ်၌ တောဝင်ကာ ထီးနန်းစွန့်ခဲ့သည်။ ကောင်းမှုများစွာပြုခဲ့သည့် ဥဇ္စနာမင်း၏ အလှူမှတ်တမ်းကျောက်စာတစ်ချပ်သည် မြင်စိုင်းမြို့ဟောင်းနန်းဦးစေတီတွင် ယနေ့တိုင်ကျန်ရှိနေခဲ့ပေသည်။

**ကိုးကား**

- **သက္ကရာဇ် ၆၉၁ ထိုးကျောက်စာ အက္ခရာပြန် (ဒေါက်တာမောင်မောင်လေး)**
- **တွင်းသင်းမြန်မာရာဇဝင်သစ်(ပထမတွဲ)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**
- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

\- ဆိုရိုး စာအုပ်စာပေ
လူ့မိတ်ဆွေ မှတ်သား၊
ဦးနှောက်ဉာဏ် စာပေဖတ်တော့
အကျိုးမြတ်များ။

\- စာဖတ်သူ တန်ခိုးထွားလို့
ရှေးစကား ကျင့်သုံးမယ်
အသိသွယ်သွယ်၊
အနာဂတ် တောက်ပမယ်
လောကအလယ် တည်တံ့၊
စာပေသည် အမှောင်ခွင်းလို့
အလင်းပျံ့နှံ့။

\- မညှိုးမမှိန် စာပန်းရနံ့ရယ်က
ရှင်းသန့်သန့် ကမ္ဘာမြေ၊
စာဖတ်ရှိန် မြင့်တင်ပေးပေါ့
မနေးဆောင်စေ၊
လိမ္မာရေးခြား အသိထွေထွေ
တိုးပါလေ ကောင်းဂုဏ်ထပ်၊
ရင်တွင်းတည် ချည်နှောင်ထုံးလို့
ပြည်လုံးမွန်မြတ်။ ။

**ရင်ခတ်ပန်း(စွယ်တော်)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ရှေ့ဖုံးမှအဆက်**

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ တွင် –

(က) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(၃) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ။"

(ခ) ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဂ) အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ၊

**ရှင်းလင်းချက်။** အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ ဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခြင်းမရှိသော်လည်း အခြေခံပညာ အထက်တန်းဆင့် ဘာသာရပ်အားလုံးကိုသင်ယူပြီးမြောက်ခဲ့သူကိုဆိုသည်။

(ဃ) နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့်ပေးရန်တာဝန်များကင်းရှင်းသူ။"

(ဂ) မူလပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ(င)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၃။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့်ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ပါ လူဦးရေစာရင်းများကို ရယူအခြေခံပြီးပြုစုရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့်ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် သတ်မှတ်ချက်များနှင့်အညီ မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့က ပူးပေါင်းဆောင်ရွက်ရမည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်၏ရှေ့တွင် "မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၇ ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"၁၇။ (က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်းမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မိမိ၏အမည်ကိုထည့်သွင်းပေးရန် သတ်မှတ်ထားသည့်အတိုင်း တောင်းဆိုလွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ တောင်းဆိုလွှာနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။"

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၈ ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"၁၈။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခု၏ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတစ်ဦး၏ အမည်ပါဝင်နေကြောင်း ယင်းမဲစာရင်း၌ ပါဝင်သူတစ်ဦးက ကန့်ကွက်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ ကန့်ကွက်လွှာနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ကန့်ကွက်လွှာအပေါ် ဆုံးဖြတ်ခြင်းမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည်ပါရှိပြီးဖြစ်သောသူအား မဲမပေးရဟု တားမြစ်ခွင့်မရှိစေရ။ ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သောဆန္ဒမဲသည်လည်း တရားဝင်ဖြစ်စေရမည်။"

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉ ခြေဆင်းနှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၁၉။ ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးတို့သည် မဲစာရင်းပြုစုရာတွင် –

(က) မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းတွင် ထည့်သွင်းရမည်။"

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၇)ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည် –

**"လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကြေညာခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း"**

၁၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ တွင်ပါရှိသော "ဝင်ရောက်ယှဉ်ပြိုင်လိုသူ တစ်ဦး" ဆိုသည့် စကားရပ်၏နောက်တွင် "ကဖြစ်စေ၊ ယင်း၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၁၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ ၏နောက်တွင် ပုဒ်မ ၃၀–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"၃၀–က။ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ကြမည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် –

(က) သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာနှင့်အချိန်တွင် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊

(ခ) ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်း၊

(ဂ) သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း။"

၁၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၀ ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"၄၀။ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးစီတို့ကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထားနိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင်ပါရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်စေရမည်။"

၁၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ခ) မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ရှိခဲ့လျှင် မဲပုံးနှင့် ဆန္ဒမဲလက်မှတ်များ သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ်စီစဉ်၍ ဆန္ဒမဲပေးစေရမည်။"

၁၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၃ ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"၄၃။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲရုံအသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ သက်ဆိုင်ရာမဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည် သို့မဟုတ် ကိုယ်တိုင်လာရောက်၍ အီလက်ထရောနစ်မဲပေးစက်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးရမည်။ မည်သူမျှ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရ။"

၁၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ ကို အောက်ပါ အတိုင်းအစားထိုးရမည် –

"၄၅။ (က) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသောအတွင်းလူနာများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ခ) မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့်အောက်ပါပုဂ္ဂိုလ်များကို ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည် –

(၁) အနာကြီးရောဂါစွဲကပ်နေသူ၊

(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊

(၃) အိုမင်းမစွမ်းသူ၊

(၄) သားဖွားနေသူ၊

(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊

(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊

(၇) နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ယာယီတာဝန်သွားရောက်ထမ်းဆောင်နေရသူ။

(ဂ) ဆန္ဒမဲလက်မှတ်သို့မဟုတ်ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင်ရေးသွင်းရန် အခက်အခဲရှိသူများအတွက် သို့မဟုတ်အီလက်ထရောနစ်မဲပေးစက်ဖြင့်မိမိကိုယ်တိုင် ဆန္ဒပြုရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့်နည်းလမ်းကို နည်းဥပဒေများဖြင့်သတ်မှတ်ပေးရမည်။"

၁၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၆ ကို အောက်ပါ အတိုင်း အစားထိုးရမည် –

"၄၆။ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေကြသော မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် –

(က) ယင်းတို့သည် အမြဲတမ်းနေရပ်ရှိ မဲစာရင်းဖြင့် ထိုမဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးလိုပါက ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိ၏ အမြဲတမ်းနေရပ်ရှိ သတ်မှတ်ထားသည့်မဲရုံတွင် ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးနိုင်သည်။

(ခ) ယင်းတို့သည်မိမိတို့၏အမြဲတမ်းနေရပ်သို့သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် ယင်းတို့အတွက် မဲစာရင်းထည့်သွင်းခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့ကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။"

၁၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ကို အောက်ပါ အတိုင်းအစားထိုးရမည် –

"၄၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၄၇ အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ ရှေ့မှောက်၌ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်တွင် ကြိုတင်၍ ရေတွက်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲမကျင်းပမီ ၂ ရက်ကြိုတင်၍ ယင်းနေ့ ညနေ ၄ နာရီမတိုင်မီ မိမိလက်ဝယ်သို့ရောက်ရှိနေသော ပုဒ်မ ၄၅ ပုဒ်မခွဲ(က)အရ

**စာမျက်နှာ ၇ သို့**

**စာမျက်နှာ ၆ မှအဆက်**

ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ ရေတွက်ပြီး သက်ဆိုင်ရာ ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း ကြေညာရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနှင့် သက်ဆိုင်သော မဲရုံအသီးသီးအတွက် ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ဆန္ဒပြုခဲ့သော မဲဆန္ဒရှင်အမည်စာရင်းတို့ကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမဖွင့်မီ သက်ဆိုင်ရာမဲရုံမှူး၏ လက်ဝယ်သို့ အရောက်ပေးပို့ရမည်။

(ဃ) သက်ဆိုင်ရာ မဲရုံအလိုက် ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင် မဲရုံမှူးကိုယ်တိုင် ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုထားသည့် ဆန္ဒမဲရလဒ်များကို ရေးမှတ်ရမည်။ ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် ခိုင်လုံသောဆန္ဒမဲနှင့် ပယ်မဲများကို နည်းဥပဒေများနှင့်အညီ ခွဲခြား၍ရေတွက်ရမည်။ မဲရုံမှူးသည် ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုထားသည့် ဆန္ဒမဲရလဒ်များကို သတ်မှတ်ထားသည့်အတိုင်း ဆန္ဒမဲစာရင်းဇယားများ ပြုစုပြီး ကပ်ထား ကြေညာရမည်။ ယင်းဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနယ်မြေအတွင်းရှိ မဲရုံမှူးများကပြုစုထားသောဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီရောက်ရှိစေရန် အမြန်ဆုံးပေးပို့ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ရမည်။”

၁၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၄၉။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၄၈ ပုဒ်မခွဲ(ဃ) နှင့်အညီ ပေးပို့လာသည့်စာရင်းများနှင့် မိမိလက်ဝယ်ရှိ ကြိုတင်ဆန္ဒမဲစာရင်းဇယားများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍ ကပ်ထားကြေညာရမည်၊ ယင်းဆန္ဒမဲစာရင်းဇယားတစ်စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ ဆန္ဒမဲစာရင်းဇယားတစ်စောင်ကို ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ(က)နှင့်အညီ ပေးပို့သည့်စာရင်းများနှင့် မိမိလက်ဝယ်ရှိ ကြိုတင်ဆန္ဒမဲစာရင်းဇယားများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးအတွက် ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသူများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ယှဉ်ပြိုင်သော ရွေးကောက်ပွဲ၌ အများဆုံးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် တူညီနေပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။ ရွေးကောက်ပွဲထပ်မံကျင်းပပေးရန် ကော်မရှင်က ညွှန်ကြားလျှင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ဤဥပဒေနှင့်အညီ ရွေးကောက်ပွဲကို ထပ်မံကျင်းပပေးရမည်။ ယင်းသို့ ထပ်မံကျင်းပသောရွေးကောက်ပွဲ၌ ထိုဆန္ဒမဲ တူညီနေသူများသာလျှင် ယှဉ်ပြိုင်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။”

၁၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၂ ကိုအောက်ပါအတိုင်းအစားထိုးရမည် -

“၅၂။ ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်ထားသောကာလအတွင်း မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသာရှိပြီး ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသည့်အဆင့်မှစ၍ ပြန်လည်ဆောင်ရွက်ရမည်။”

၂၀။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ တွင် -

(က) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

“(က) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း ပျက်ပြားစေရန် တစ်နည်းနည်းဖြင့်ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအပေါ် အခွင့်အရေးတစ်ရပ်ရပ် ရရှိစေရန် သို့မဟုတ် ဆုံးရှုံးစေရန် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်မရှိဘဲ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(ဂ) နည်းဥပဒေများပါ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊”

(ခ) မူလပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို ပုဒ်မခွဲ (ဃ)၊ (င) နှင့် (စ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဂ) မူလပုဒ်မခွဲ (ဃ)ကို ပယ်ဖျက်ရမည်။

၂၁။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၄။ (က) မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးရာတွင် မဲပေးချက် ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့် သင်္ကေတအမှတ်အသား မဟုတ်ဘဲ အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့် သင်္ကေတအမှတ်အသားကို မှားယွင်းဖော်ပြသည်ဟု မမှန်မကန်တိုင်တန်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) မည်သူမဆို ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စုဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီကြောင်း၊ အီလက်ထရောနစ်မဲပေးစက်ကို တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် ယူဆောင်သွားခြင်းပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။”

၂၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဂ) ပုဒ်မခွဲ(ခ)တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၅၃ အရ ကော်မရှင်ကလည်းကောင်း၊ ကော်မရှင်၏တာဝန်ပေးချက်အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကလည်းကောင်း စုံစမ်းစစ်ဆေးပေါ်ပေါက်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း အရေးယူဆောင်ရွက်နိုင်သည်။”

၂၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် ယင်း၏ ဆန္ဒမဲလက်မှတ်ကို သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ကို တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးအောင် ပြုလုပ်ခြင်း သို့မဟုတ် မဲရုံမှအခြားနေရာသို့ ယူဆောင်သွားခြင်း၊”

၂၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀ တွင် ပါရှိသော “ရှေ့နေချုပ်” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုရှေ့နေချုပ်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ရှေ့နေချုပ်ရုံး” ဆိုသည့်စကားရပ်ကို “ပြည်ထောင်စုရှေ့နေချုပ်ရုံး” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၇၈။ ရွေးကောက်ပွဲခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်မှုများကို စစ်ဆေးရာတွင် သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၂၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) အီလက်ထရောနစ်မဲပေးစက်များ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများနှင့် ဆန္ဒမဲလက်မှတ်များကို စနစ်တကျပြုစုထိန်းသိမ်းခြင်း၊”

၂၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့်ဖြစ်စေ၊ သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ်နှစ်ဆယ် ချမှတ်နိုင်သောပြစ်မှုဖြင့် ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ခ) ကော်မရှင်က ရွေးကောက်ပွဲတစ်ခုတွင် တရားမဲ့ပြုကျင့်မှုရှိကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စစ်ဆေးသည့်အခါ **စာမျက်နှာ ၈ သို့**

**စာမျက်နှာ ၇ မှအဆက်**

သက်ဆိုင်ရာ ပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ တာဝန်ရှိသူ သို့မဟုတ် ယင်းကိစ္စအလို့ငှာ တာဝန်ပေးအပ်ခံရသူက ကြိုတင်စီစဉ်ထားခဲ့သည့် တရားမဲ့ပြုကျင့်မှု နည်းလမ်းတစ်ခုခုကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ယင်းနည်းလမ်းတစ်ခုခုအတိုင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သို့မဟုတ် ဆုံးဖြတ်ချက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းအား ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းနှစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်း ခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲ ရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၂၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ၏နောက်တွင် ပုဒ်မ ၈၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၈-က။ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာတင်သွင်းစဉ်က လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ တင်သွင်းထားကြောင်းစစ်ဆေးတွေ့ရှိရပါက ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းခံရမည်ဖြစ်သည်။"

၂၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၉-က။ ကော်မရှင်သည် -

(က) ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အီလက်ထရောနစ် နည်းပညာကို အသုံးပြု၍ ဆောင်ရွက်နိုင်သည်။

(ခ) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အခကြေးငွေများကို သတ်မှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၆ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု၊ ပဏ္ဍိတ၊ မဟာန့်၊ စံညာစီ၊ စံညာစိနီ၊ ဆာဒူး(ဆာဒူးကြီး)၊ ဆာဒ်ဝီ၊ ဆွာမိ၊ ဆွာမိနီ အပါအဝင် ဟိန္ဒူဘုန်းတော်ကြီးများ၊"

(ခ) ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)၏နောက်တွင် ပုဒ်မခွဲငယ်(၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၄) အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ သို့မဟုတ် မော်လာနာ၊ ဟာဖိဇ်၊ အီမန်၊ မုဖ်သီ၊ မုဖတ်စိရ်၊ အိုလမာ၊ ပီရ် သို့မဟုတ် မရှာအိခ် အပါအဝင် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်းများ။"

(ဂ) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ (တ) နှင့် ပုဒ်မခွဲ (ထ)တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(တ) **အီလက်ထရောနစ်မဲပေးစက် (Electronic Voting Machine-EVM)** ဆိုသည်မှာ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များ ရေတွက်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ ဆောင်ရွက်နိုင်သည့် အီလက်ထရောနစ်စနစ်ဖြင့် ပြုလုပ်ထားသော စက်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာကိုဆိုသည်။

(ထ) **အိုမင်းမစွမ်းသူ** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်း မရှိသော သက်ကြီးရွယ်အိုကိုဆိုသည်။"

(ဃ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ(ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"၄။ ကော်မရှင်သည် လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် မဲဆန္ဒနယ်တစ်နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် လွှတ်တော်ကိုယ်စားလှယ် ၆ ဦးကို မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်အတွက် မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်များ သတ်မှတ်ပေးရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် မဲဆန္ဒနယ် တစ်နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် လွှတ်တော်ကိုယ်စားလှယ် ၆ ဦးကို မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်အတွက် မဲဆန္ဒနယ်များသတ်မှတ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီအတွက် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်စီသတ်မှတ်ပေးရမည်။

(၂) ယင်းသို့ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသော မဲဆန္ဒနယ်များအတွက် မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်များ သတ်မှတ်ပေးရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် ကျန်လွှတ်တော်ကိုယ်စားလှယ် ၆ ဦးကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်နိုင်ရန် မဲဆန္ဒနယ်များကို သတ်မှတ်ပေးရမည်။

(ဃ) လွှတ်တော်သက်တမ်းတစ်ရပ်အတွက် သတ်မှတ်ထားသော လွှတ်တော် မဲဆန္ဒနယ်တစ်နယ်အတွင်း ကျရောက်သည့် နယ်မြေတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပါက ယင်းနယ်မြေသည် မူလသတ်မှတ်ထားသော လွှတ်တော် မဲဆန္ဒနယ်အတွင်း၌သာ ပါဝင်သည်ဟု မှတ်ယူရမည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ။"

(ခ) ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ၊

**ရှင်းလင်းချက်။** အခြေခံပညာအထက်တန်းဆင့်ပြီးမြောက်သူဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခြင်းမရှိသော်လည်း အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်အားလုံးကို သင်ယူပြီးမြောက်ခဲ့သူကို ဆိုသည်။

(ဃ) နိုင်ငံတော်နှင့်ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များကင်းရှင်းသူ။"

(ဂ) မူလပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ(င)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးက

**စာမျက်နှာ ၉ သို့**

**စာမျက်နှာ ၈ မှအဆက်**

ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် သတ်မှတ်ချက်များနှင့်အညီ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့်ဖြည့်စွက်ခြင်းတို့ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့က ပူးပေါင်းဆောင်ရွက်ရမည်။"

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(က) နှင့် (ခ) တို့ပါ "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်၏ရှေ့တွင် "မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့်" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ (က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်းမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မိမိ၏အမည်ကို ထည့်သွင်းပေးရန် သတ်မှတ်ထားသည့်အတိုင်း တောင်းဆိုလွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ တောင်းဆိုလွှာနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။"

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခု၏ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတစ်ဦး၏ အမည်ပါဝင်နေကြောင်း ယင်းမဲစာရင်း၌ ပါဝင်သူတစ်ဦးက ကန့်ကွက်လိုလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ ကန့်ကွက်လွှာနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ကန့်ကွက်လွှာအပေါ် ဆုံးဖြတ်ခြင်းမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည်ပါရှိပြီးဖြစ်သောသူအား မဲမပေးရဟု တားမြစ်ခွင့်မရှိစေရ။ ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သော ဆန္ဒမဲသည်လည်း တရားဝင်ဖြစ်စေရမည်။"

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉ ခြေဆင်းနှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။ ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးတို့သည် မဲစာရင်းပြုစုရာတွင် -

(က) မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းတွင် ထည့်သွင်းရမည်။"

၁၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၇)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကြေညာခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း"**

၁၁။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ရွေးကောက်ပွဲတွင် -

(က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီကဖြစ်စေ၊ ယင်းနိုင်ငံရေးပါတီ၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများတင်သွင်းရာတွင် သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းပြုစုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။"

၁၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ တို့တွင်ပါရှိသော "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်တို့ကို "သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ (က) ပုဒ်မ ၂၆ အရ ချမှတ်သောအမိန့်ကို မကျေနပ်သူသည် ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း အယူခံခွင့်ရှိသည်။

(ခ) ကော်မရှင်၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၁၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။"

၁၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ ၏နောက်တွင် ပုဒ်မ ၃၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်ကသတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် -

(က) သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာနှင့်အချိန်တွင် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊

(ခ) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်း၊

(ဂ) သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း။"

၁၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ အခန်း(၈)ပါ လွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်နေထိုင်ကြသောဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။"

၁၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄၀။ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးစီတို့ကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထားနိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင်ပါရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်စေရမည်။"

၁၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ရှိခဲ့လျှင် မဲပုံးနှင့် ဆန္ဒမဲလက်မှတ်များ သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ်စီစဉ်၍ ဆန္ဒမဲပေးစေရမည်။"

၁၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၃။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲရုံအသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ သက်ဆိုင်ရာမဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည် သို့မဟုတ် ကိုယ်တိုင်လာရောက်၍ အီလက်ထရောနစ်မဲပေးစက်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးရမည်။ မည်သူမျှကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။"

၂၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၅။ (က) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသောအတွင်းလူနာများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ခ) မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့် အောက်ပါပုဂ္ဂိုလ်များကို ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည် -

(၁) အနာကြီးရောဂါစွဲကပ်နေသူ၊

(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊

(၃) အိုမင်းမစွမ်းသူ၊

(၄) သားဖွားနေသူ၊

(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊

(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊

(၇) နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်နေရသူ။

**စာမျက်နှာ ၁၀ သို့**

**စာမျက်နှာ ၉ မှအဆက်**

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင်ရေးသွင်းရန် အခက်အခဲရှိသူများအတွက် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် မိမိကိုယ်တိုင်ဆန္ဒပြုရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့်နည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။"

၂၁။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၄၆။ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေကြသော မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် –

(က) ယင်းတို့သည် အမြဲတမ်းနေရပ်ရှိ မဲစာရင်းဖြင့် ထိုမဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးလိုပါက ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိ၏အမြဲတမ်းနေရပ်ရှိ သတ်မှတ်ထားသည့်မဲရုံတွင် ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးနိုင်သည်။

(ခ) ယင်းတို့သည် မိမိတို့၏အမြဲတမ်းနေရပ်သို့သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် ယင်းတို့အတွက် မဲစာရင်းထည့်သွင်းခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့ကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။"

၂၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၄၈။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၄၇ အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ ရှေ့မှောက်၌ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်တွင် ကြိုတင်၍ ရေတွက်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲမကျင်းပမီ ၂ ရက်ကြိုတင်၍ ယင်းနေ့ ညနေ ၄ နာရီမတိုင်မီ မိမိလက်ဝယ်သို့ ရောက်ရှိနေသော ပုဒ်မ ၄၅ ပုဒ်မခွဲ(က) အရ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ရေတွက်ပြီး သက်ဆိုင်ရာဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း ကြေညာရမည်။

( ဂ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနှင့်သက်ဆိုင်သော မဲရုံအသီးသီးအတွက် ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ဆန္ဒပြုခဲ့သော မဲဆန္ဒရှင်အမည်စာရင်းတို့ကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူး၏လက်ဝယ်သို့အရောက်ပေးပို့ရမည်။

(ဃ) သက်ဆိုင်ရာ မဲရုံအလိုက် ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင် မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုထားသည့် ဆန္ဒမဲရလဒ်များကို ရေးမှတ်ရမည်။ ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် ခိုင်လုံသောဆန္ဒမဲနှင့် ပယ်မဲများကို နည်းဥပဒေများနှင့်အညီ ခွဲခြား၍ရေတွက်ရမည်။ မဲရုံမှူးသည် ရေတွက်ရရှိသောဆန္ဒမဲအရေအတွက် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုထားသည့် ဆန္ဒမဲရလဒ်များကို သတ်မှတ်ထားသည့်အတိုင်း ဆန္ဒမဲစာရင်းဇယားများပြုစုပြီး ကပ်ထားကြေညာရမည်။ ယင်းဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

( င ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနယ်မြေအတွင်းရှိမဲရုံမှူးများကပြုစုထားသော ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီရောက်ရှိစေရန် အမြန်ဆုံးပေးပို့ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ရမည်။"

၂၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၄၉။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၄၈ ပုဒ်မခွဲ(ဃ) နှင့်အညီ ပေးပို့လာသည့်စာရင်းများနှင့် မိမိလက်ဝယ်ရှိ ကြိုတင်ဆန္ဒမဲစာရင်းဇယားများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍ ကပ်ထားကြေညာရမည်။ ယင်းဆန္ဒမဲစာရင်းဇယားတစ်စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ ဆန္ဒမဲစာရင်းဇယားတစ်စောင်ကို ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည်–

(၁) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က)နှင့်အညီ ပေးပို့သည့်စာရင်းများနှင့် မိမိလက်ဝယ်ရှိ ကြိုတင်ဆန္ဒမဲစာရင်းဇယားများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးအတွက် ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသူများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာရမည်။

(၂) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ခိုင်လုံမဲများကို ယင်းတို့ကိုယ်စားပြုသည့် နိုင်ငံရေးပါတီကရရှိသော ဆန္ဒမဲများအဖြစ် သတ်မှတ်ရမည်။ ယင်းခိုင်လုံမဲများကို မဲဆန္ဒနယ်အလိုက် စုစည်း၍ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပြုစုပြီး သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များ၏အမည်ကို ကြေညာရမည်။

(ဂ) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ယှဉ်ပြိုင်သော ရွေးကောက်ပွဲ၌ အများဆုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက် တူညီနေပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲကစိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့တင်ပြရမည်။ ရွေးကောက်ပွဲထပ်မံကျင်းပပေးရန် ကော်မရှင်က ညွှန်ကြားလျှင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ဤဥပဒေနှင့်အညီ ရွေးကောက်ပွဲကို ထပ်မံကျင်းပပေးရမည်။ ယင်းသို့ ထပ်မံကျင်းပသော ရွေးကောက်ပွဲ၌ ထိုဆန္ဒမဲတူညီနေသူများသာလျှင် ယှဉ်ပြိုင်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။"

၂၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၂ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၅၂။ ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်ထားသော ကာလအတွင်း ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသာရှိပြီး ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသည့်အဆင့်မှစ၍ ပြန်လည်ဆောင်ရွက်ရမည်။"

၂၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၅ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၅၅။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် သက်ဆိုင်ရာရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျထိန်းသိမ်းထားရှိရမည်။ ယင်းကုန်ကျစရိတ်စာရင်းကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်ကသတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။"

၂၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ တွင် –

(က) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"(က) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း ပျက်ပြားစေရန် တစ်နည်းနည်းဖြင့် ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(ခ) နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအပေါ် အခွင့်အရေးတစ်ရပ်ရပ် ရရှိစေရန် သို့မဟုတ် ဆုံးရှုံးစေရန် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်မရှိဘဲ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(ဂ) နည်းဥပဒေများပါ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို ပုဒ်မခွဲ (ဃ)၊ (င) နှင့် (စ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဂ) မူလပုဒ်မခွဲ (ဃ)ကို ပယ်ဖျက်ရမည်။

၂၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၄ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၆၄။ (က) မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

(ခ) မည်သူမဆို အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးရာတွင် မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့် ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့် သင်္ကေတအမှတ်အသားမဟုတ်ဘဲ အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့်သင်္ကေတအမှတ်အသားကို မှားယွင်းဖော်ပြသည်ဟု မမှန်မကန်တိုင်တန်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

(ဂ) မည်သူမဆို ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စုဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့်

**စာမျက်နှာ ၁၁ သို့**

**စာမျက်နှာ ၁၀ မှအဆက်**

အားထုတ်ကြိုးပမ်းခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း၊ အီလက်ထရောနစ်မဲပေးစက်ကို တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း သို့မဟုတ်ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ်ယူဆောင်သွားခြင်းပြစ်မှုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"

၂၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ(ခ)တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၅၃ အရ ကော်မရှင်ကလည်းကောင်း၊ ကော်မရှင်၏တာဝန်ပေးချက်အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကလည်းကောင်း စုံစမ်းစစ်ဆေးပေါ်ပေါက်သည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း အရေးယူဆောင်ရွက်နိုင်သည်။"

၂၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ တွင် -

(က) ပုဒ်မခွဲ(က)ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) နိုင်ငံရေးပါတီကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ -"

( ခ ) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် လွှတ်တော်တစ်ရပ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကို တစ်ချိန်တည်းကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊"

( ဂ ) ပုဒ်မခွဲ(င)ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း -"

(ဃ) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်း၊"

( င ) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် ယင်း၏ဆန္ဒမဲလက်မှတ်ကို သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ကို တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် မဲရုံမှ အခြားနေရာသို့ ယူဆောင်သွားခြင်း၊"

၃၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀ တွင် ပါရှိသော "ရှေ့နေချုပ်" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုရှေ့နေချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရှေ့နေချုပ်ရုံး" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃၁။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇၈။ ရွေးကောက်ပွဲခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်မှုများကို စစ်ဆေးရာတွင် သက်သေခံအက်ဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။"

၃၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁ ၏ နောက်တွင် ပုဒ်မ ၈၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၁-က။ ကော်မရှင်သည် -

(က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တရားမဲ့ပြုကျင့်မှုကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ပြီး ပြင်ဆင်မှု သို့မဟုတ် အယူခံမှုဝင်ရောက်ခြင်းမရှိလျှင်ဖြစ်စေ၊ ပြင်ဆင်မှု သို့မဟုတ် အယူခံမှုဝင်ရောက်ပါက ကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုလျှင်ဖြစ်စေ ယင်းလွှတ်တော်ကိုယ်စားလှယ်ရရှိခဲ့သည့် အဆိုပါမဲဆန္ဒနယ်၏ ဆန္ဒမဲရလဒ်များကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အတွက် ပုဒ်မခွဲ(က)ပါ မဲဆန္ဒနယ်မှ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကိုနုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။

(ဂ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်တစ်နယ်တွင် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တရားမဲ့ပြုကျင့်မှုကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ပြီး ပြင်ဆင်မှုသို့မဟုတ် အယူခံမှုဝင်ရောက်ခြင်းမရှိလျှင်ဖြစ်စေ၊ ပြင်ဆင်မှု သို့မဟုတ် အယူခံမှုဝင်ရောက်ပါက ကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုလျှင်ဖြစ်စေ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။"

၃၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၂ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) အီလက်ထရောနစ်မဲပေးစက်များ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများနှင့် ဆန္ဒမဲလက်မှတ်များကို စနစ်တကျပြုစုထိန်းသိမ်းခြင်း၊"

(ခ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့်နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း။"

၃၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့်ဖြစ်စေ၊ သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ်နှစ်ဆယ် ချမှတ်နိုင်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ခ) ကော်မရှင်က ရွေးကောက်ပွဲတစ်ခုတွင် တရားမဲ့ပြုကျင့်မှုရှိကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စစ်ဆေးသည့်အခါ သက်ဆိုင်ရာပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ တာဝန်ရှိသူ သို့မဟုတ် ယင်းကိုစ္စအလို့ငှာ တာဝန်ပေးအပ်ခံရသူက ကြိုတင်စီစဉ်ထားခဲ့သည့် တရားမဲ့ပြုကျင့်မှု နည်းလမ်းတစ်ခုခုကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ယင်းနည်းလမ်းတစ်ခုခုအတိုင်း ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သို့မဟုတ် ဆုံးဖြတ်ချက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းအား ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့်လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းနှစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဂ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်ကကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

၃၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ၏ နောက်တွင် ပုဒ်မ ၈၈-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၈၈-က။ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာ

**စာမျက်နှာ ၁၈ သို့**

# Wuntho Township grows more than 2,000 acres of monsoon paddy this year


Farmers growing summer paddy in a field.

**Wuntho July 29**

According to Kawlin District Agriculture Department, local farmers planted more than 2,000 acres of monsoon paddy in Wuntho Township of Sagaing Region this year.

For the 2025-2026 monsoon crop season, it is planned to cultivate 38,989 acres of monsoon paddy in Wuntho Township. Cultivation began in May this year, and as of today, 2,150 acres have been planted.

U Win Thein, Head of the Kawlin District Department of Agriculture, said: "This year, we've planned to cultivate over 38,000 acres of monsoon paddy in Wuntho Township. As of today, more than 2,000 acres have already been planted, and cultivation is still ongoing. We're working to ensure that the full target acreage is achieved. We are also providing the necessary techniques and seed varieties for timely planting. Field visits are being conducted to assist farmers in planting their paddy in a timely manner."

It is reported that during this monsoon crop season, efforts are being made to ensure systematic and uninterrupted cultivation of monsoon paddy through close collaboration between the relevant township agricultural departments and local farmers.

Farmers in Wuntho Township are being provided with agricultural knowledge, pest prevention awareness, guidance to minimize crop loss, and education to ensure harvested paddy is stored under shelter in a timely manner.

To ensure successful cultivation and good yields from monsoon paddy fields in Wuntho this year, township agriculture officers and staff are conducting field activities to support farmers with selecting quality and pure seeds, preventing pest outbreaks, proper transplanting, weeding, rogueing (removal of off-type plants), and systematic use of fertilizers. 206

# Over 11,000 acres of cotton planted in Monywa Township

**Monywa July 29**

According to Monywa Township Agriculture Department, local farmers cultivated more than 11,000 acres of cotton as monsoon crops in Monywa Township of Sagaing Region this year.

For the 2025-2026 monsoon crop season, it is planned to cultivate 17,837 acres of cotton in Monywa Township. Cultivation began in May this year, and as of today, local farmers have planted 11,771 acres of crops.

U Soe Thet Aung, Head of the Monywa Township Department of Agriculture, said: "This year, we've planned to grow over 17,000 acres of cotton in Monywa Township. As of today, more than 11,000 acres have been planted. Efforts are underway to meet the target acreage. To support timely and successful cultivation, we are providing farmers with quality and pure cotton seeds."

This year, the Monywa Township Department of Agriculture has conducted training and provided technical support to cotton farmers on accessing quality seeds, ensuring successful crop growth, preventing pest and disease outbreaks, and following proper cultivation methods to achieve good yields.


A cotton plantation.

It is reported that the cost of cultivating one acre of cotton is approximately K350,000, and the yield is around 1,000 viss per acre.

Cotton cultivation can also be intercropped with other crops such as onions (as an early crop) and pigeon peas (as a late crop), allowing farmers to benefit from multiple harvests and increasing their income.

Cotton is successfully cultivated in 19 townships across the districts of Sagaing, Monywa, Yinmabin, Shwebo, and Kanbalu in the Sagaing Region. 206

# Sagaing Township grows over 24,000 acres of rainfed sesame

**Sagaing July 29**

A total of 24,727 acres of sesame have been planted in Sagaing Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Sagaing Township.

During the 2025-2026 rain crops planting season, 24,632 acres of sesame have been planned to be planted in Sagaing Township, and planting has begun since May this year. So far, 24,727 acres have been planted.

"This year, 24,632 acres of sesame have been planned to be planted in Sagaing Township. So far, 24,727 acres have been planted. The acreages of sesame planted has exceeded the current target. We are also working to expand the sesame planting area, improve yields, and use GAP techniques," said U Myo Thant Aung, head of Department of Agriculture for Sagaing Township.

Crops grown under the GAP system are better in quality than crops grown under other farming methods, fetch higher prices, and can be sold not only in the domestic market but also in foreign markets, which will increase the profits of farmers who grow sesame and improve their socio-economic lives. 206

# Iran says no plan yet for resuming talks with U.S.

**Tehran July 29**

Iran's Foreign Ministry spokesman Esmaeil Baghaei said on Monday that the country currently has no plan for the resumption of nuclear talks with the United States.

He made the remarks at a weekly press conference while commenting on the possibility of resuming the talks on Tehran's nuclear program and the removal of U.S. sanctions.

"For now, we have no plan in this regard. We will make our decision whenever Iran's interests call for it," he said.

He criticized the U.S. for its role in the war waged on Iran by Israel last month, saying it was "unprecedented" that when two countries were holding negotiations "one side encourages its proxy to conduct a military aggression against the other side and its peaceful nuclear facilities, which were under the International Atomic Energy Agency's round-the-clock inspections."

He added that the main prerequisite for any future talks was a change in the U.S. attitude and approach towards the negotiation's principle, stressing that negotiations should not turn into a tool for bullying and intimidation.

Israel launched major airstrikes on several areas in Iran on June 13, including nuclear and military sites, followed by U.S. airstrikes on three Iranian nuclear sites on June 22. After 12 days of fighting, a ceasefire between Iran and Israel was reached on June 24.

Xinhua

# Cambodia and Thailand agree to ceasefire and de-escalation

**Kuala Lumpur July 29**

Cambodia and Thailand have reached a ceasefire agreement and committed to easing tensions after several days of deadly border clashes, officials announced on Monday following talks in Malaysia.

The long-running territorial dispute between the two Southeast Asian neighbors, which has roots going back to the French colonial era, intensified in late May and escalated into a military conflict last week. However, a top-level meeting hosted by Malaysian Prime Minister Anwar Ibrahim on Monday resulted in a truce agreement and a path toward normalization.

Anwar, who led the mediation efforts, said the ceasefire would take effect at midnight local time. Both countries also pledged to convene meetings between military commanders on Thursday and reconvene a joint border monitoring committee in early August to establish a formal mechanism for verifying compliance with the agreement.

Anwar also offered to provide observers from the Association of Southeast Asian Nations (ASEAN), which Malaysia currently chairs, and organize a broader monitoring mission with other ASEAN members to support the ceasefire.

RT


Cambodia's Prime Minister Hun Manet (L), Thailand's acting Prime Minister Phumtham Wechayachai (R), and Malaysia's Prime Minister Anwar Ibrahim, Putrajaya, Malaysia, July 28, 2025.

# Yinmabin District completes cultivation of more than 180,000 acres of rain-fed sesame


A monsoon sesame plantation.

**Yinmabin July 29**

Statistics of Yinmabin District Agriculture Department indicated that local farmers have so far planted 184,279 acres of rain-fed sesame in the district of Sagaing Region.

For the 2025–2026 monsoon crop season, it was planned to cultivate 180,662 acres of rain-fed sesame in Yinmabin District. Cultivation began in May this year, and as of today, 184,279 acres have already been planted.

"The cultivation target for rain-fed sesame in Yinmabin District this monsoon season was set at 180,662 acres. As of today, 184,279 acres have already been cultivated. This indicates that cultivation has exceeded the initial target. Efforts are also being made to expand cultivation areas, improve yields, and promote the use of GAP (Good Agricultural Practices) methods," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 50,648 acres of rain-fed sesame, Kani Township 35,000 acres, Salingyi Township 18,576 acres, and Pale Township 80,055 acres, totalling 184,279 acres exceeding the target cultivation.

For the 2025-2026 monsoon season, Yinmabin Township earmarked cultivation of 51,860 acres of rain-fed sesame, Kani Township 39,150 acres, Salingyi Township 18,560 acres, and Pale Township and 71,092 acres, totalling 180,662.

This year, the respective Township Departments of Agriculture have been educating sesame farmers on expanding cultivation, applying appropriate cultivation methods, adopting GAP techniques, using high-quality and pure seeds, and selecting high-yielding varieties.

It is noted that crops grown under the GAP system are of higher quality compared to those grown under other methods. They also fetch better prices and have the potential for marketing not only in the domestic market but also in international markets. As a result, farmers practicing GAP are expected to gain greater economic benefits, leading to improvements in their socio-economic lives. 206

# Farmers finish cultivation of more than 21,000 acres of green gram in Sagaing Township

**Sagaing July 29**

Data of the Sagaing Township Agriculture Department indicated that local farmers have planted more than 21,000 acres of green gram as monsoon crops in Sagaing Township of Sagaing Region.

For the 2025-2026 monsoon crop season, local authorities earmarked cultivation of 45,194 acres of rain-fed green gram in Sagaing Township. Cultivation began in May this year, and as of today, 21,114 acres have been planted.

U Myo Thant Aung, Head of the Sagaing Township Department of Agriculture, said:

"This year, during the monsoon crop season, we have planned to cultivate over 45,000 acres of rain-fed green gram in Sagaing Township. As of today, over 21,000 acres have already been planted. We are working to meet the target acreage. We're also providing education on expanding cultivation areas and encouraging the use of quality and pure seeds to ensure high yields."

This year, the Sagaing Township Department of Agriculture is providing farmers growing rain-fed green gram with guidance on selecting regionally suitable and high-quality seeds, applying correct cultivation techniques, preventing pest infestations, and using fertilizers systematically to improve yields.

During this monsoon crop season, various types of pulses are being cultivated, and to ensure good yield and quality, the department is collaborating with farmers to provide necessary inputs such as quality seeds, nutrients, and post-harvest management techniques. 206

# Farmers harvest 100 per cent of pre-monsoon green gram in Myaung Township

**Myaung July 29**

Sagaing District Agriculture Department stated that local farmers have so far harvested all sown acreage of pre-monsoon green gram plantations in Myaung Township of Sagaing Region. They harvested 2,815 acres of pre-monsoon green gram which yielded 19.79 baskets per acre.

Daw Thida Lwin, Head of Sagaing District Agriculture Department, disclosed: "This year, a total of 2,815 acres of green gram was cultivated during the pre-monsoon season in Myaung Township. Currently, harvesting has been fully completed across all cultivated acres. Regarding green gram cultivation, educational awareness has been provided on expanding cultivation areas and using quality seeds to ensure good yields."

In Myaung Township, the Township Department of Agriculture has provided awareness and guidance to green gram farmers on using high-quality and pure seeds suited to the local area, adopting proper cultivation methods, preventing pest infestations, using fertilizers systematically, and improving crop yields.

It is also learned that during this year's monsoon crop season, collaboration with farmers has taken place to implement the use of quality seeds, inputs, and post-harvest techniques necessary for improving both yield and quality in various pulse crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myinmu Township completes cultivation of more than 3,000 acres of sesame

**Myinmu July 29**

Over 3,000 acres of croplands have been placed under rain-fed sesame in Myinmu Township of Sagaing Region, according to the Sagaing District Agriculture Department.

For the 2025-2026 monsoon crop season, it is planned to cultivate 19,050 acres of rain-fed sesame in Myinmu Township. Cultivation began in May this year, and local farmers have planted 3,888 acres of rain-fed sesame in the township.

Daw Thida Lwin, Head of the District Department of Agriculture for Sagaing District, said:

"This year, we've planned to cultivate over 19,000 acres of rain-fed sesame in Myinmu Township. As of today, over 3,000 acres have already been planted. We are working to ensure that the targeted acreage is fully achieved. Efforts are also underway to expand sesame cultivation, improve yield, and promote cultivation using GAP (Good Agricultural Practices) methods."

This year, the Myinmu Township Department of Agriculture is providing educational support to sesame farmers on expanding cultivated acreage, adopting proper farming techniques, implementing GAP methods, using quality and pure seeds, and choosing high-yield varieties.

It is reported that crops produced using the GAP system are of higher quality and fetch better prices compared to those grown using conventional methods. GAP-grown crops offer the advantage of being marketable not only in domestic markets but also in international markets. As a result, farmers adopting GAP practices are expected to enjoy greater economic benefits and improved socio-economic livelihoods. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## လစ်သူရေးနီးယားက ဒရုန်းများတိုးမြှင့်တပ်ဖြန့်မှုနှင့်အတူ လေကြောင်းရန်ကာကွယ်ရေးစနစ်များ အားဖြည့်ခဲ့



လစ်သူရေးနီးယားနိုင်ငံသည် ဒရုန်းများ တိုးမြှင့်တပ်ဖြန့်မှုနှင့်အတူ လေကြောင်းရန်ကာကွယ်ရေးစနစ်များ အားဖြည့်ခဲ့ကြောင်း စစ်ဦးစီးချုပ် RaimundasVaiknoras က ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက ဇူလိုင် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခြေလျင်တပ်စုတိုင်းကို ထောက်လှမ်းရေးဒရုန်းတစ်စင်းစီ တပ်ဆင်ပေးသွားမည်ဖြစ်ပြီး၊ တပ်ခွဲ၊ တပ်ရင်း၊ တပ်ရင်းကြီး၊ တပ်မဟာအဆင့်များတွင် ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးသုံးမောင်းသူမဲ့လေယာဉ်များ တပ်ဆင်ပေးသွားမည်ဖြစ်သည်။ ရန်သူ့နယ်မြေအတွင်းပိုင်းထိ နက်ရှိုင်းစွာ ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသည့် တာဝေးပျံသန်းစစ်ဆင်နိုင်သော ဒရုန်းများကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိသည်။

လစ်သူရေးနီးယား တပ်မတော်သင်တန်းကျောင်းတွင် မောင်းသူမဲ့လေယာဉ်စနစ်များ လေ့ကျင့်သင်ကြားပေးရေးဌာနတစ်ခုဖွင့်လှစ်ထားရှိပြီး ၎င်းဌာနမှ ယူကရိန်းအထူးစစ်ဆင်ရေးတွင်တိုက်ပွဲအတွေ့အကြုံရှိသည့် တပ်ဖွဲ့ဝင်များအပါအဝင် ဆက်သွယ်ရေးစစ်သည်များကို ကင်းထောက်နှင့် တိုက်ခိုက်ရေးဒရုန်းစစ်ဆင်ရေးဆောင်ရွက်မှုများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြသည်။

ထို့ပြင် လစ်သူရေးနီးယားနိုင်ငံသည် NASAMS တပ်ခွဲများဖြင့် ဖွဲ့စည်းထားသော တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းတစ်ရင်းနှင့် MS-HORAD စနစ်များဖြင့် တာတိုပစ်တပ်ဖွဲ့များစွာဖွဲ့စည်းထူထောင်သွားရန် စီစဉ်ထားသည်။ ယူကရိန်းစစ်မြေပြင် အတွေ့အကြုံများအရ နည်းပညာအဆင့်မမြင့်မားသော်လည်း ယုံကြည်စိတ်ချစွာ တိုက်ပွဲဝင်အသုံးပြုနိုင်မည့်စနစ်များဖြင့် လုပ်ဆောင်လာနိုင်သည့် လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရန် ကုန်ကျစရိတ်ကာမိသော ဖြေရှင်းချက်များကို ကျင့်သုံးလုပ်ဆောင်နိုင်စေရေးလည်း တစ်ဖက်မှကြိုးပမ်းလျက်ရှိသည်။

အဆိုပါကြိုးပမ်းမှုများတွင် အာရုံခံကိရိယာများ ထပ်မံဝယ်ယူဖြည့်တင်းခြင်းနှင့် လျင်မြန်ထိရောက်သောတုံ့ပြန်တိုက်ပွဲဝင်နိုင်မှုစွမ်းရည်များ တိုးချဲ့လုပ်ဆောင်ခြင်းတို့ပါဝင်သည်။

လစ်သူရေးနီးယားနိုင်ငံသည် ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးစတင်ပြီးကတည်းက ဒေသတွင်း စိုးရိမ်မှုများကြီးထွားလာနေသည့်ကြားတွင် နိုင်ငံ့ကာကွယ်ရေးကဏ္ဍကို ခိုင်မာအားကောင်းစေရန် အဘက်ဘက်မှ ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။ ယခုလအစောပိုင်းတွင် ဒေသတွင်းဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီAstrolightသည် စစ်ရေယာဉ်နှစ်စီးကြား လေဆာဆက်သွယ်ရေးစနစ်ကို စမ်းသပ်နိုင်ခဲ့ကြသည်။ ယခုနှစ် ဇွန်လတွင် လစ်သူရေးနီးယားနိုင်ငံသည် အမေရိကန်နိုင်ငံ Nor-throp Grumman ကုမ္ပဏီနှင့် ပြောင်းအချင်းအလတ်စားခဲယမ်းများ ပူးတွဲထုတ်လုပ်ရေးတိုးမြှင့်လုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မျိုးဆက်သစ်စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်အဖြစ် Embraer C-390 Millennium လေယာဉ်ကိုဝယ်ယူရန် ရွေးချယ်ခဲ့ကြသည်။ ယခုနှစ် မေလအတွင်းက နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ယူရိုသန်း ၃၀၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်အစီအစဉ်တစ်ရပ်ကို ကြေညာခဲ့သည်။ ဤလုပ်ဆောင်ချက်သည် လာမည့် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ နိုင်ငံ့ GDP ၏ ၆ ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် ခွဲဝေအသုံးပြုသွားမည့်ကတိကဝတ်နောက်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး NATO အဖွဲ့၏ ပန်းတိုင်ဖြစ်သောအဖွဲ့ဝင်နိုင်ငံတိုင်း နိုင်ငံ့ GDP ၏ ၅ ရာခိုင်နှုန်း သုံးစွဲရမည်ဟူသောအချက်ထက်ပင် ကျော်လွန်မြင့်မားလျက်ရှိကြောင်း သိရသည်။

**Lithuania Ramps Up Drone Deployment, Strengthens Air Defense ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က ကန်ဒေါ်လာ ၁၅၁ ဘီလီယံတန်ဖိုးရှိ Golden Dome ကာကွယ်ရေးအစီအစဉ်စတင်

အမေရိကန်နိုင်ငံသည် ကန်ဒေါ်လာ ၁၅၁ ဘီလီယံတန်ကြေးရှိ SHIELD (Scalable Homeland Innovative Enterprise Layered Defense) Golden Dome ကာကွယ်ရေးအစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းအစီအစဉ်ကို Golden Dome ဟုလည်း ခေါ်ဝေါ်သုံးနှုန်းထားသည်။ သမိုင်းဝင်လုပ်ဆောင်ချက်သည် တိုက်ချင်းပစ်၊ ခရုဇ်နှင့်အသံထက်မြန်သော ဒုံးကျည်များအပါအဝင် ခေတ်မီဒုံးကျည်ခြိမ်းခြောက်မှုအန္တရာယ်များကို ကာကွယ်ရန်အတွက် အမေရိကန်နိုင်ငံ၌ အလွှာစုံကာကွယ်ရေးကွန်ရက်တစ်ခုကို တည်ဆောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကနဦး အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံကို အခြေခံအဆောက်အအုံတိုးတက်ဖွံ့ဖြိုးရန် တည်ဆောက်ရေးလုပ်ငန်းများစတင်ရန် ခွဲဝေချထားပေးမည်ဖြစ်ကြောင်း သိရသည်။

အမိမြေ ပေါင်းစည်းကာကွယ်ရေးအတွက် SHIELD သည် မြေပြင်အခြေစိုက် ကြားဖြတ်တိုက်ခိုက်ရေးစနစ်များ၊ အာကာသအခြေစိုက် အာရုံခံစနစ်များ၊ အဆင့်မြင့်ရေဒါစနစ်များနှင့် AI ဖြင့် လုပ်ဆောင်နိုင်မည့် ကြီးကြပ်ကွပ်ကဲမှုစနစ်များပါဝင်ဖွဲ့စည်းထားသည်။ အလာဘားမားပြည်နယ်၊ Huntsville မြို့ရှိ Red-stone Arsenal ရုံးချုပ်တွင် ဗဟိုအစိုးရဒုံးကျည်ကာကွယ်ရေး အာဏာပိုင်အဖွဲ့အသစ်ကိုဦးဆောင်မည့် အမေရိကန်အာကာသတပ်ဖွဲ့မှ အငြိမ်းစားဗိုလ်ချုပ်ကြီး Michael Guetleinအား အဆိုပါအစီအစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထားသည်။ SHIELDဒုံးကျည်ကာကွယ်ရေးအစီအစဉ်ဖြင့် မဟာဗျူဟာပြောင်းလဲလာမှုသည် ရန်ဘက်နိုင်ငံများမှ ထိုးစစ်ဆင်လာနိုင်သော ဒုံးကျည်စွမ်းရည်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် တိုက်ရိုက်တုံ့ပြန်ခြင်းဖြစ်သည်။ ပရိုဂရမ်သည် သမားရိုးကျ ICBM များကို ခုခံကာကွယ်ရန်သာမက လက်ရှိအသုံးပြုနေဆဲစနစ်များမှ တန်ပြန်ရန် ခက်ခဲနိုင်သည့် မျိုးဆက်သစ်ခြိမ်းခြောက်မှုများကို ရှာဖွေ၊ ထောက်လှမ်းဖော်ထုတ်၍ တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက်ပါ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အမေရိကန် ဒုံးကျည်ကာကွယ်ရေးအေဂျင်စီသည် ဒုံးကျည်များ၊ အသံထက်မြန်သည့် ဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များ ပျံသန်းရာ အဆင့်အားလုံးတစ်လျှောက် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းနိုင်သည့် အဆင့်မြင့်၊ နယ်ပယ်ပေါင်းစုံကာကွယ်ရေးစနစ်အဖြစ် ဖော်ပြထားသည့် အဆိုပြုချက်များတင်သွင်းရန် ကာကွယ်ရေးကုမ္ပဏီများကို မကြာမီဖိတ်ခေါ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ SHIELD အစီအစဉ်၏မူဘောင်အရ အမေရိကန်အစိုးရသည် လာမည့်ဆယ်စုနှစ်အတွင်း ဘတ်ဂျက်ဒေါ်လာ ၁၅၁ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ SHIELD အစီအစဉ်တွင် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များနှင့် ရေဒါစနစ်များသာမက သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအစီအမံများ၊ လက်နက်စနစ်ပေါင်းစည်းမှုနှင့် တပ်ဆင်ပေးမှုစာချုပ်များလည်းပါဝင်မည်ဖြစ်သည်။




SHIELD ကာကွယ်ရေးအစီအစဉ်သည် လက်ရှိပြည်တွင်း ကာကွယ်ရေးစနစ်များဖြစ်သည့် Ground-Based Mid-course Defense (GMD)၊ Aegis BMD နှင့် THAAD ဒုံးကျည်စနစ် တို့အားလုံးပေါင်း၍ အဆင့်မြှင့်တင်မှုကို ကိုယ်စားပြုနေမည်ဖြစ်ကြောင်း သိရသည်။

**Breaking News: U.S. Launches $151 Billion SHIELD Golden Dome Project to Counter Hypersonic Missile Threats. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တရားရုံးများက ဥပဒေကိုပယ်ဖျက်၍ ပြုလုပ်ရန်မဟုတ်ပါ

စိန်လှိုင်ဗိုလ်

ဥပဒေဟူသည် ညီညွတ်ရမည်၊ မျှတရမည် အများလက်ခံနိုင်ရမည်ဟူသော ဆိုရိုးရှိပါသည်။ ထို့အတူ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများသည်လည်း ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ခြွင်းချက်အနေဖြင့် အချို့ အချို့သော တရားရုံး တချို့သည် ပြဋ္ဌာန်းဥပဒေနှင့်အညီမဟုတ်သော စီရင်ချက်မျိုးကို မှားယွင်းချမှတ်မိသဖြင့် အဆင့်မြင့်ဆုံး နိုင်ငံတော်တရားရုံးချုပ်က ပြင်ဆင်တည့်မတ်ပေးခဲ့ရသည်များလည်းရှိပါသည်။ ထိုရုံးများ၏ ဆောင်ရွက်ချက်အပေါ် ပြစ်တင်ဝေဖန်လိုခြင်းမရှိသော်လည်း ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန်အလို့ငှာ လမ်းညွှန်စီရင်ထုံးများကို ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

**လောင်းကစားအက်ဥပဒေပုဒ်မ-၁၁ အရ ဒဏ်ငွေရိုက်လျှင် ထောင်ဒဏ်မပေးရ၊ ထောင်ဒဏ်ပေးလျှင် ဒဏ်ငွေမရိုက်ရဖြစ်သည်။** ဒဏ်ငွေရော ထောင်ဒဏ်ပါရော၍ အမိန့်မချရခြင်းနှင့် ပတ်သက်၍ အမှုတစ်ခု၏စီရင်ထုံးကို တွေ့မြင်ဖတ်ရှုရပါသည်။

ဓနုဖြူမြို့နယ် ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-(၁၀၀)တွင် ကိုကြည်ပါ ၈ တို့အပေါ် လောင်းကစားအက်ဥပဒေပုဒ်မ-၁၁/၁၂ အရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရှိရပြီး တရားခံများကလည်း အပြစ်ရှိပါသည်ဟု ဝန်ခံကြသောကြောင့် (၁) ကိုကြည်သည် လောင်းကစားဝိုင်းပြုလုပ်သော အိမ်ရှင်ဖြစ်သဖြင့် လောင်းကစားအက်ဥပဒေပုဒ်မ-၁၂ အရ ၎င်းကို ဒဏ်ငွေ ၂၀၀ ကျပ်ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ်နှစ်ပတ်ကျခံစေ၊ ကိုအောင်ညိမ်း၊ ကိုဖေကြီးနှင့် ကိုဝိုင်တင်တို့အပေါ် လောင်းကစားအက်ဥပဒေပုဒ်မ-၁၁ အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်စီနှင့် ဒဏ်ငွေ ၁၀၀ ကျပ်စီ ပေးဆောင်စေ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် နှစ်ပတ်စီကျခံစေ၊ ကိုဟုတ်ကြည်၊ ကိုအုန်းရွှေ၊ ကိုစိန်မောင်နှင့် မောင်ကျော်ရှိန်တို့ကို လောင်းကစား အက်ဥပဒေပုဒ်မ-၁၁ အရ ဒဏ်ငွေ ၇၅ ကျပ်စီ ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် ခုနစ်ရက်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ထိုကဲ့သို့ အမိန့်ချမှတ်ခဲ့သော ပြစ်ဒဏ်များနှင့် ပတ်သက်၍ တိုးမြှင့်ပေးရန် သင့်၊ မသင့်နှင့် ပတ်သက်ပြီး သုံးသပ်ရန် ပြင်ဆင်မှုကိုဖွင့်လေသည်။ ကိုဝိုင်တင်၊ ကိုဖေကြီးနှင့် ကိုအောင်ညိမ်းတို့မှာ ယခင်က လောင်းကစားအက်ဥပဒေအရပြစ်ဒဏ်ရှိဖူးသည်ဆိုသော်ငြားလည်း အမှုတွဲတွင် လုံးဝမတွေ့ကြောင်း တရားရုံးချုပ်ကစိစစ်ခဲ့သည်။

မူလရုံးတရားခံများနှင့်ပတ်သက်၍ ပြစ်ဒဏ်တိုးပေးသင့်၊ မသင့်ကို စဉ်းစားရာ၌ ၎င်းတို့ကစားသော ကစားဝိုင်းမှာ မာကျောက်ဝိုင်းဖြစ်ပြီး လောင်းကစားငွေမှာ ၅၇၅ ကျပ်ဖြစ်ကြောင်း တွေ့ရှိရ၍ ဤကဲ့သို့ လောင်းကစားမျိုးမှာ တိုင်းပြည်အတွက် မည်သို့မျှ အကျိုးမပြုသည့်အပြင် လူမှုလုံခြုံရေးကိုပင် ထိခိုက်၍ အကျင့်စာရိတ္တပျက်ပြားစေသည်။ ထို့ကြောင့် ပြစ်ဒဏ်တိုးမြှင့်ပေးသင့်သော နောင်ကြဉ်ဟန့်တားစေလိုသောသဘောဖြင့် ဥပဒေဘောင်အတွင်းမှ ကျသည့်ပြစ်ဒဏ်ကို တိုးမြှင့်ရန်သင့်သည်ဟု တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။ ထို့ကြောင့်

(၁) ကိုကြည်အပေါ်ပေးထားသော ပြစ်ဒဏ်အပြင် နောက်ထပ်ဒဏ်ငွေ ၁၀၀ ကျပ် ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ်နှစ်ပတ်ကျခံစေရန် တိုးမြှင့်၍အမိန့်ချမှတ်လိုက်သည်။

(၂) တရားခံများဖြစ်ကြသော ကိုဟုတ်ကြည်၊ ကိုအုန်းရွှေ၊ ကိုစိန်မောင်နှင့် မောင်ကျော်ရှိန် တို့အပေါ် ပေးထားသောပြစ်ဒဏ်အပြင် နောက်ထပ်ဒဏ်ငွေ ၂၅ ကျပ်စီပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ်တစ်ပတ်စီကျခံစေရန် တိုးမြှင့်၍ အမိန့်ချမှတ်လိုက်သည်။




(၃) ကိုအောင်ညိမ်း၊ ကိုဖေကြီး၊ ကိုဝိုင်တင် တို့အပေါ် ရုံးတက်၊ ရုံးဆင်း ထောင်ဒဏ်နှင့် ဒဏ်ငွေ ၁၀၀ကျပ်စီ ချမှတ်သောအမိန့်မှာ မှားယွင်းနေကြောင်းတွေ့ရှိရသည်။ **လောင်းကစားအက်ဥပဒေပုဒ်မ-၁၁ အရ ဒဏ်ငွေရိုက်လျှင် ထောင်ဒဏ်မပေးရ၊ ထောင်ဒဏ်ပေးလျှင် ဒဏ်ငွေမပေးရဖြစ်သည်။ ဒဏ်ငွေရော ထောင်ဒဏ်ပါရော၍ အမိန့်မချရပေ။ ပြစ်ဒဏ်ချမှတ်ရာ၌ ထိုပုဒ်မက ဖော်ပြထားသော "သို့မဟုတ်"ဆိုသော စကားရပ်ကို သတိပြုရမည်။ ထို့ကြောင့် ထိုတရားခံသုံးဦးနှင့်ပတ်သက်၍ ရုံးတက်၊ ရုံးဆင်း ထောင်ဒဏ်ချမှတ်သောအမိန့်ကို တရားရုံးချုပ်က ပယ်ဖျက်လိုက်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကိုကြည်ပါ ၈၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ်-၂၆(က) စီရင်ထုံးဖြစ်ပါသည်။**

အလားတူ ပြဋ္ဌာန်းဥပဒေနှင့် ညီညွတ်မှုမရှိသော အောက်ရုံး၏အမိန့်ကို တရားရုံးချုပ်က ပြင်ဆင်တည့်မတ်ပေးခဲ့ရသော အမှုတစ်ခုအကြောင်းကို ထပ်မံရေးသားဖော်ပြပါဦးမည်။ မတရားအသင်းအက်ဥပဒေပုဒ်မ-၁၇(၁) အရ ပေးရမည့်ပြစ်ဒဏ်မှာ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်ထက်မနည်း၊ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ်ထက်မများ ဖြစ်သော်လည်း အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်သာ ပြစ်ဒဏ်ချမှတ်ခဲ့သော အမှုတစ်ခုဖြစ်ပေါ်ခဲ့ပါသည်။

သံတွဲမြို့နယ် (၂)ရာဘက်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ်-၁၇၅ တွင် မောင်ထွန်းစိန်အပေါ် မတရားအသင်း အက်ဥပဒေပုဒ်မ-၁၇(၁)အရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်ကျခံစေရန် ချမှတ်သော အမိန့်ဖြစ်ပါသည်။ ထိုသို့ ပြစ်ဒဏ်ချမှတ်ခြင်းကို ပြန်လည်သုံးသပ်ရန် သံတွဲမြို့ခရိုင်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ်-၆၈ ကို ဖွင့်လှစ်ခဲ့ပါသည်။

ခရိုင်ရာဇဝတ်တရားသူကြီးက လျှောက်ထားခံရသူ မောင်ထွန်းစိန်အပေါ်တွင် တွေ့ရှိရသော ပြစ်မှုမှာ မှန်ကန်သော်ငြားလည်း ပြစ်ဒဏ်ပေးရာ၌ အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်သာလျှင် ပေးထားသောကြောင့် မတရားအသင်းဥပဒေပုဒ်မ-၁၂(၁)အရ ပေးရမည့် ပြစ်ဒဏ်မှာ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်ထက်မနည်း၊ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ်ထက် မများသောကြောင့် ယခုလျှောက်ထားခံရသူကိုပေးထားသော ပြစ်ဒဏ်ဖြစ်သည့် အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်မှာ ဥပဒေအရ မှားယွင်းနေပါသဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်သို့ပြင်ဆင်၍ သတ်မှတ်ပေးပါရန် တရားရုံးချုပ်သို့ ထောက်ခံတင်သွင်းခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ခရိုင်ရာဇဝတ်တရားသူကြီး၏ တွေ့ရှိချက်မှာ မှန်ကန်သည်။ ယခုအမှုတွင် ပြစ်မှုများနှင့် ပတ်သက်၍ မည်သို့မျှပြောရန်မလိုပေ။ လျှောက်ထားခံရသူက အောက်မူလရုံးတွင် အပြစ်ရှိပါသည်ဟု ဝန်ခံပြီးဖြစ်သည်။ ပြစ်ဒဏ်ပေးခြင်းနှင့်ပတ်သက်၍သာ သုံးသပ်ရပေမည်။ ဥပဒေက အတိအလင်းပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်နှင့် သုံးနှစ်ထက်မပိုရဖြစ်သည်။ ဤအတိုင်းတရားရုံးများက လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ဥပဒေကို ကျော်လွန်၍သော်လည်းကောင်း၊ ဘေးဖယ်၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးပြကာ ပြစ်ဒဏ်ပေးခြင်းမှာ ဥပဒေကိုလိုက်နာခြင်း၊ ဥပဒေကို အဓိပ္ပာယ်ဖော်ခြင်းမျိုးမဟုတ်ဘဲ ဥပဒေသစ်တစ်ခုကိုပြုလုပ်ရာကျကြောင်း၊ ဤကဲ့သို့အတိုင်း အောက်မူလရုံးက ပြုလုပ်သည်ကို တွေ့ရှိရသည်။ ရုံးများသည် ဥပဒေကိုလိုက်နာရမည်ဖြစ်သည်။ (ဥပဒေကို ပယ်ဖျက်၍ပြုလုပ်ရန်မဟုတ်ကြောင်းကို တရားရုံးများက သတိကြီးစွာချပ်သင့်ပေသည်) ထို့အတူ အထူးသဖြင့် သံတွဲမြို့ (၂)ရာဘက် ရာဇဝတ်တရားသူကြီးကို နောက်နောင်ထိုကဲ့သို့ မဖြစ်စေရန် အထူးသတိပြုရမည်ဟု တရားရုံးချုပ်က မှတ်ချက်ပြုခဲ့ပါသည်။

တော်လှန်ရေးကောင်စီကြေညာချက်အမှတ်-(၁၄)အရဆိုလျှင် လက်ရှိတရားဥပဒေအားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီက မရုပ်သိမ်းသေးသမျှ သို့တည်းမဟုတ် မပြင်သေးသမျှ ဆက်လက်အာဏာတည်စေရမည်ဖြစ်သည်။ ယခုအမှုတွင်ပေါ်လွင်သည့် မတရားအသင်းအက်ဥပဒေသည် တည်ဆဲဥပဒေဖြစ်ကြောင်း သတိချပ်ရပေမည်။ အောက်မူလရုံးတရားသူကြီးက ဤလိုအမှုမျိုးတွင် အနည်းဆုံးထောင်ဒဏ်နှစ်နှစ်ပေးရမည်ကို သိရှိသော်လည်း ဥပဒေပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်သည့် ပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ်တစ်နှစ်ပေးခြင်းမှာ သိသိသာသာကြီး မှားယွင်းချွတ်ချော်၍ တရားမျှတမှုကင်းမဲ့နေသည်။ ထို့ပြင် အောက်ရုံးတရားသူကြီးက အဘယ်ကြောင့် ညှာတာခြင်းအကြောင်းနှင့်ပတ်သက်၍ အကြောင်းပြချက်များမှာ ထည့်သွင်းစဉ်းစားရန်မဟုတ်ကြောင်း တရားမဝင်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ယခုအခါ တော်လှန်ရေးအစိုးရက ၎င်းကဲ့သို့ မတရားအသင်းအက်ဥပဒေနှင့် ပတ်သက်သော ပြစ်မှုများကို အထူးရာဇဝတ်ရုံးနှင့် စစ်ဆေးနေသည်။ တိုင်းပြည်လုံခြုံမှုအတွက် အလွန်အရေးကြီးသည့် အမှုဖြစ်ရကား အပြစ်ပေးရာတွင် ဟန့်တားစေလိုသောသဘောဖြင့် ကြီးလေးသောပြစ်ဒဏ်ကို ပေးထားသည်။ အထက်ဖော်ပြပါ အကြောင်းများကြောင့် ခရိုင်ရာဇဝတ်တရားသူကြီး တင်ပြထောက်ခံချက်ကို အတည်ပြုလက်ခံ၍ အောက်မူလရုံးက ချမှတ်သောအမိန့်ကိုပယ်ဖျက်ပြီး မောင်ထွန်းစိန် (မူလတရားခံ)သည် မတရားအသင်းဥပဒေပုဒ်မ-၁၇(၁)အရ ပြစ်မှုမြောက်သည်ကို တွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်တိတိ ကျခံစေရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပါသည်။ အထူးအားဖြင့် စီရင်ပိုင်ခွင့်ရှိသော တရားရုံးများအနေဖြင့် သတိပြုဆင်ခြင်လိုက်နာကြရန်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် **မောင်ထွန်းစိန် ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု** အမှတ်-၂၂၀(ခ) စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လွိုင်ကော်မြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်လျက်ရှိသည့် ပြည်သူများကို ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အခြေခံစားသောက်ကုန်များ ပေးအပ်



လွိုင်ကော် ဇူလိုင် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က လွိုင်ကော်မြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်လျက်ရှိသည့်ပြည်သူများကို ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်အခြေခံစားသောက်ကုန်များပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အဆိုပါပေးအပ်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများကို ဆန်၊ဆီ၊ ခေါက်ဆွဲခြောက်များ ပေးအပ်ကြကာ တက်ရောက်လာသူများက လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန်အချက်များအား တင်ပြကြရာ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ သွားရောက်ပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒေါနိုးကူးရပ်ကွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ကျင်းပသည့် ဝန်ထမ်းများ၊ကျောင်းသား၊ကျောင်းသူများနှင့်တွေ့ဆုံပွဲတက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ယခုသင်တန်းကျောင်းကို အထူးသဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်စေရန်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊နိုင်ငံတော်၏စေတနာကို နားလည်ပြီး ကျေးဇူးသစ္စာစောင့်သိရိုသေကာ အလုပ်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ နှင့်သင်တန်းသား၊သင်တန်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ကျောင်းသား၊ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊စာကြည့်တိုက်နှင့် ရိက္ခာသိုလှောင်ရုံများကိုလည်းကောင်း၊ နေ့စဉ် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်ရေး စီမံဆောင်ရွက်ထားသည့် ဥစားကြက်မွေးမြူရေးခြံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြပြီး အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့သည့် ထေးသမရပ်ကွက်ရှိ ရိုးရာတံခွန်တိုင်ခန်းမကြီးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကေ့ထျိုးဘိုးဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ခန်းမကြီးနှင့် အခြားခန်းမဆောင်များ ပြန်လည်ပြုပြင်ရမည့် အခြေအနေနှင့်တံခွန်တိုင်ကွင်းအတွင်း ရိုးရာပွဲတော်များ ပြန်လည်ကျင်းပနိုင်ရေးဆောင်ရွက်ရမည့်အခြေအနေတို့ကို မှာကြားပြီး တာဝန်ရှိသူများနှင့်လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကယားပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆေးရုံကြီးဆေးပဒေသာပင် ရန်ပုံငွေနှင့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြကာ ဆေးရုံ၌ တက်ရောက်ဆေးကုသနေသည့်လူနာများကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများပေးအပ်သည်။

ဆက်လက်၍ လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နွယ်သာကီခန်းမ၌ ဆရာ၊ ဆရာမများ၊ စိုက်ပျိုးမွေးမြူရေးကျောင်း(ချိကယ်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စာသင်ဆောင်များပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာစာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ခန်းမ၌ လွိုင်ကော်မြို့ပေါ်ရှိ ခရစ်ယာန်ဘုရားကျောင်းများသို့ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ခရစ်ယာန်ဘုရားကျောင်းများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် နွားလဝိုးကျေးရွာအုပ်စု နွားလဝိုးရွာမကျေးရွာ၌ ပြုလုပ်သည့် မိုးစပါးယူရီးယားဓာတ်မြေဩဇာ စုပေါင်းကြဲပက်ခြင်းနှင့် သက်သာသောနှုန်းဖြင့် ရောင်းချပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး နွားလဝိုးရွာမနှင့် ထီရိကျေးရွာတို့မှ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများကို ပေးအပ်သည်။

ယင်းနောက် နွားလဝိုးရွာမ ကွင်းအမှတ် (၁၂၆) တောင်သူ ဦးစိုးရွှေ၏ မိုးစပါးစံပြစိုက်ခင်းအတွင်း ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းကြဲပက်နေမှုနှင့် တောင်သူများအား ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးနှင့် အသီး၊ အရွက်၊ အပင်သန်ဆေးများ စနစ်တကျသုံးစွဲနိုင်ရန် သရုပ်ပြရှင်းလင်းခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ၃၃/ ၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံမြို့ပြပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်တည်ဆောက်နေသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်ပြီးစီးပါက လွိုင်ကော်မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ၊ လွိုင်လင်လေးမြို့၊ လွိုင်ကော်စက်မှုဇုန်နှင့် လွိုင်ကော်-မိုးဗြဲလမ်းပိုင်းရှိ ထီရိ၊ ကုန်းသာ၊ ဆောင်ကန်း၊ ဝါရီကောခူ၊ ပီကင်းကောခူကျေးရွာများနှင့် ထိုမှတစ်ဆင့် မိုးဗြဲသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်းပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ အကြားဆောင်ရွက်မည့် မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်းပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Abhay Thakur နှင့်တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ e-Governmentစနစ်ကို ဖော်ဆောင်နေချိန်တွင် အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်အတွက် လိုအပ်သည့် IT နည်းပညာများကို အိန္ဒိယနိုင်ငံအစိုးရက ပံ့ပိုးကူညီပေးခြင်းဖြစ်ရာ နိုင်ငံအတွက်တန်ဖိုးရှိသည့်အကူအညီဖြစ်ပါကြောင်း။

ယခု မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်နားလည်မှုစာချွန်လွှာ(MoU) သည် မြန်မာနိုင်ငံ၏ Digital ID ရှေ့ပြေးစီမံကိန်းအကောင်အထည်ဖော်ရာ၌ အိန္ဒိယနိုင်ငံအစိုးရထံမှ နည်းပညာဆိုင်ရာအကူအညီများ မျှဝေဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ Digital Identity ဆိုင်ရာနည်းပညာများနှင့်ပတ်သက်၍ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသကဲ့သို့ ပိုမိုကောင်းမွန်သည့် အကြံပြုချက်များ၊ ပိုမိုထိရောက်မြန်ဆန်သည့် အကူအညီများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအတွေ့အကြုံများကို ဆက်လက်ပံ့ပိုးကူညီမျှဝေစေလိုပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Abhay Thakur က မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်းလုပ်ငန်းစဉ်များအပေါ် အိန္ဒိယနိုင်ငံအစိုးရက ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။




မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်အတွက် Digital Unique Identity Program အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံ၏ နည်းပညာ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့်အတွေ့အကြုံများဖလှယ်ရေး၊ အစိုးရအရာရှိများနှင့် ကျွမ်းကျင်သူများ နည်းပညာဖလှယ်ရေးနှင့် မြန်မာနိုင်ငံ Digital ID Program ကို စမ်းသပ်အကောင်အထည်ဖော်ရာတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း နည်းပညာဆိုင်ရာဆွေးနွေးပွဲ ဆက်လက်ကျင်းပ






**နေပြည်တော် ဇူလိုင် ၂၉**

လျှင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earth–quake Technical Forum)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခများ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အမှာစကားပြောကြားပြီး ပါဝင်ဆွေးနွေးသော နိုင်ငံခြားပညာရှင်များနှင့်ဆွေးနွေးပွဲဖြစ်မြောက်အောင် အဓိကပံ့ပိုးပေးသော မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း သုံးသင်းမှတာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ဒေါက်တာချာလီသန်းနှင့်ဒေါက်တာမျိုးသိန်းကျော်တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က "Retrofitting and Reconstruction of the Earthquake Affected Pagodas and Historical Monu–ments" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နီပေါနိုင်ငံမှကျွမ်းကျင်ပညာရှင် Mr.GantanBipin Kumar က "LessonLearned from Ret–rofitting of Private Houses in Nepalafter the 2015 Gorkha Earthquake" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းဖတ်ကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲ ပထမပိုင်းကို ကျင်းပရာ "မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော လျှင်ကြီးများနှင့် အနာဂတ်တွင်ကြုံတွေ့နိုင်သည့်လျှင်ကြီးများအပေါ် လေ့လာသုံးသပ်ချက်''ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာစုံဟန်၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အငြိမ်းစားဆရာမကြီး ဒေါ်ရီရီငြိမ်း၊ မြေလျှင်ဌာနခွဲမှ ဒေါက်တာယဉ်မျိုးမင်းထွေးနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခ ဒေါက်တာဉာဏ်မြင့်ကျော်တို့က ဆွေးနွေးကြပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် မအူပင်တက္ကသိုလ်ပါမောက္ခ ဒေါက်တာစန္ဒီချစ်ကိုက ဆောင်ရွက်သည်။

ဆက်လက်၍ လျှင်ဒဏ်ခံအဆောက်အအုံများတည်ဆောက်ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကျွမ်းကျင်ပညာရှင် Dr. Ji Jun က "Resilient Structures for Buildings and Infrastructures in High Seismic Zones" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင် Dr.Wenlu Wen က "Application of Isolation Technology in Post Earth–quake Reconstruction and Reinforce–ment" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းဖတ်ကြားကြရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် ဆွေးနွေးပွဲ ဒုတိယပိုင်းကို ကျင်းပရာ "လျှင်ဒဏ်ခံရသည့်အဆောက်အအုံများပြုပြင်ခြင်းဆိုင်ရာနည်းစနစ်များ" ခေါင်းစဉ်ဖြင့် ပြင်ပ Structure ပညာရှင် ဒေါက်တာတိုးတိုးဝင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ဦးစန်းကြူ၊ ပြင်ပ Structure ပညာရှင် ဦးဇော်ဇော်အောင်နှင့် အောင်ပြည်တန်ကုမ္ပဏီမှ ဦးနေလင်းထက်တို့က ဆွေးနွေးကြပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံမြေလျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က ဆောင်ရွက်ကာ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်က "လျှင်ဘေးအန္တရာယ်များမှရရှိသော စိန်ခေါ်မှုများနှင့် သင်ခန်းစာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က "သဘာဝဘေးဒဏ်ခံနိုင်သောအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စံချိန်စံညွှန်းများ တိကျစွာလိုက်နာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးသူရဗိုလ်က "Assessments and Survey of Earthquake Affected Pagodas and Ancient Monum ents"ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းဖတ်ကြားကြသည်။

ဆွေးနွေးပွဲ တတိယပိုင်းတွင် လျှင်ဒဏ်ခံအဆောက်အအုံများတည်ဆောက်ခြင်းနှင့် MNBC–2025 ပါပြဋ္ဌာန်းချက်များ ခေါင်းစဉ်ဖြင့် ဦးကြည်လွင်၊ ဒေါက်တာဉာဏ်မြင့်ကျော်၊ ဒေါက်တာယုမောင်နှင့် ဦးထင်အောင်တို့က ဆွေးနွေးကြပြီး ဒေါ်မြမြဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ ဆွေးနွေးပွဲ စတုတ္ထပိုင်းတွင် "တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် လိုက်နာသုံးစွဲရေးဆိုင်ရာစိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ဒေါက်တာကေသီလွင်၊ ဦးအောင်ကိုထိုက်၊ ဦးကျော်မင်းအောင်၊ ဦးတင်မြင့်နှင့် ဦးကျော်မင်းအေးတို့က ဆွေးနွေးကြပြီး ဒေါက်တာဝါဝါမိုးက ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ ဆွေးနွေးပွဲပဉ္စမပိုင်းတွင် လျှင်ဒဏ်ခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များနှင့် တည်ဆောက်သူများ၏ အရေးပါမှုအခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဦးရွှေကျော်လှ၊ ဦးနေလင်းထွန်း၊ ဦးမျိုးမြင့်နှင့် ဦးခင်မောင်ကြွယ်တို့က ဆွေးနွေးကြပြီး ဦးသိန်းဇော်က ဦးဆောင်ဆွေးနွေးသူအဖြစ် လည်းကောင်း ဆောင်ရွက်ကြသည်။

ဆွေးနွေးမှုများအပြီးတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေးပွဲမှရရှိလာသော ရလဒ်များအပေါ် သုံးသပ်ဖော်ထုတ်ဆွေးနွေးပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တာချီလိတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများစီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်ရပ်ကွက်များသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများစီးဆင်းမှုကြောင့် မယ်ဆိုင်ချောင်းရေမြင့်တက်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မြန်မာ–ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားနှင့် အမှတ်(၁)ချစ်ကြည်ရေးတံတားတို့၏ တံတားကြံ့ခိုင်မှုအခြေအနေများ၊ မယ်ဆိုင်ချောင်းရေပြန်လည်ကျဆင်းနေမှုအခြေအနေများနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများကပုန်းထွန်ရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းမပေါ်၌ ရေကြီးရေလျှံခြင်းကြောင့် တင်ကျန်ခဲ့သည့် အမှိုက်နှင့် သဲနုန်းများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်အားပေးကြည့်ရှုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် အောင်မြတ်ခန်းမသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများအား ဆက်လက်လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မယ်ဆိုင်ချောင်းရေမြင့်တက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

စာမျက်နှာ ၁၁ မှအဆက်

တင်သွင်းစဉ်က လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ တင်သွင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းခံရမည်ဖြစ်သည်။"

၃၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ခဲ့လျှင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်နေရာတွင် သတ်မှတ်ချက်နှင့်အညီ အစားထိုးဖြည့်စွက်ခြင်းနှင့် မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရမည်။"

၃၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၈၉–က။ ကော်မရှင်သည် –

(က) ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ ဆောင်ရွက်နိုင်သည်။

(ခ) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အခကြေးငွေများကို သတ်မှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဆင့်မအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့်ဥပဒေ**
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၇ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ တွင် –

(က) ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု၊ ပဏ္ဍိတ၊ မဟာန့်၊ စံညာစီ၊ စံညာစိနီ၊ ဆာဒူး(ဆာဒူးကြီး)၊ ဆာဒ်ဝီ၊ ဆွာမိ၊ ဆွာမိနီ အပါအဝင် ဟိန္ဒူဘုန်းတော်ကြီးများ၊"

(ခ) ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၃)၏နောက်တွင် ပုဒ်မခွဲငယ်(၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(၄) အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ သို့မဟုတ် မော်လာနာ၊ ဟာဖိဇ်၊ အီမန်၊ မုဖ်သီ၊ မုဖတ်စိရ်၊ အိုလမာ၊ ပီရ် သို့မဟုတ် မရှာအိခ် အပါအဝင် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်းများ။"

(ဂ) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ (တ) နှင့် ပုဒ်မခွဲ (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(တ) **အီလက်ထရောနစ်မဲပေးစက် (Electronic Voting Machine–EVM)** ဆိုသည်မှာ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များ ရေတွက်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ ဆောင်ရွက်နိုင်သည့် အီလက်ထရောနစ်စနစ်ဖြင့် ပြုလုပ်ထားသော စက်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာကိုဆိုသည်။

(ထ) **အိုမင်းမစွမ်းသူ** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုကိုဆိုသည်။"

(ဃ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ(ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၄။ ကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုချင်းစီအလိုက် လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် –

(က) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကျစီကို မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်အတွက် မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ပေးရမည်။

(ခ) ကျန်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် မြို့နယ်တစ်မြို့နယ်လျှင် တစ်ဦးကျဖြင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်နိုင်ရန် မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်များ သတ်မှတ်ပေးရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အရ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်ခွင့်ရှိသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီအတွက် မဲဆန္ဒနယ်သတ်မှတ်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ်စီအဖြစ် သတ်မှတ်ရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ တွင် –

(က) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(၃) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ။"

(ခ) ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဂ) အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ၊

**ရှင်းလင်းချက်။** အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ ဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခြင်းမရှိသော်လည်း အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်အားလုံးကို သင်ယူပြီးမြောက်ခဲ့သူကိုဆိုသည်။

(ဃ) နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူ။"

(ဂ) မူလပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ(င)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၃။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို ပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ပါ လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့သည် သတ်မှတ်ချက်များနှင့်အညီ မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့က ပူးပေါင်းဆောင်ရွက်ရမည်။"

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်၏ရှေ့တွင် "မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၇။ (က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်းမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မိမိ၏အမည်ကို ထည့်သွင်းပေးရန် သတ်မှတ်ထားသည့်အတိုင်း တောင်းဆိုလွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ တောင်းဆိုလွှာနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ် ဖြစ်စေရမည်။"

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၈။ (က) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုတစ်ခု၏မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတစ်ဦး၏ အမည်ပါဝင်နေကြောင်း ယင်းမဲစာရင်း၌ ပါဝင်သူတစ်ဦးက ကန့်ကွက်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ ကန့်ကွက်လွှာနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ကန့်ကွက်လွှာအပေါ် ဆုံးဖြတ်ခြင်းမပြီးပြတ်သေးသော်လည်း မဲစာရင်းတွင် အမည်ပါရှိပြီးဖြစ်သောသူအား မဲမပေးရဟု တားမြစ်ခွင့်မရှိစေရ။ ယင်းအခွင့်အရေးအရ ပေးပြီးဖြစ်သော ဆန္ဒမဲသည်လည်း တရားဝင်ဖြစ်စေရမည်။"

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉ ခြေဆင်းနှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၉။ ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးတို့သည် မဲစာရင်းပြုစုရာတွင် –

(က) မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းတွင် ထည့်သွင်းရမည်။"

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း(၇)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကြေညာခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း"**

၁၁။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ရွေးကောက်ပွဲတွင် -

(က) ပုဒ်မ ၄ ပုဒ်မခွဲ(က)ပါ မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးက ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီကဖြစ်စေ၊ ယင်းနိုင်ငံရေးပါတီ၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ကော်မရှင်ကသတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရမည်။

(ဂ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရမည်။

(ဃ) ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ တင်သွင်းရာတွင် သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ဦးစားပေးအစီအစဉ်အတိုင်း ပြုစုထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ကော်မရှင်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။"

၁၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဒ်မ ၂၆ အရ ချမှတ်သောအမိန့်ကို မကျေနပ်လျှင် ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူဖြစ်ပါက ကော်မရှင်သို့လည်းကောင်း သတ်မှတ်ထားသည့်အတိုင်း အယူခံခွင့်ရှိသည်။"

၁၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။"

၁၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ ၏နောက်တွင် ပုဒ်မ ၃၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် -

(က) သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာနှင့် အချိန်တွင် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊

(ခ) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် မီဒီယာများမှ တစ်ဆင့် ဟောပြောစည်းရုံးခြင်း၊

(ဂ) သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း။"

၁၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ အခန်း(၈)ပါ လွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။"

၁၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၀။ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးစီတို့ကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထားနိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင် ပါရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်စေရမည်။"

၁၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ရှိခဲ့လျှင် မဲပုံးနှင့် ဆန္ဒမဲလက်မှတ်များ သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ်စီစဉ်၍ ဆန္ဒမဲပေးစေရမည်။"

၁၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၃။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲရုံအသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ သက်ဆိုင်ရာမဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည် သို့မဟုတ် ကိုယ်တိုင်လာရောက်၍ အီလက်ထရောနစ်မဲပေးစက်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးရမည်။ မည်သူမျှ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရ။"

၁၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၅။ (က) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသောအတွင်းလူနာများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ခ) မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့် အောက်ပါပုဂ္ဂိုလ်များကို ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည် -

(၁) အနာကြီးရောဂါစွဲကပ်နေသူ၊

(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊

(၃) အိုမင်းမစွမ်းသူ၊

(၄) သားဖွားနေသူ၊

(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊

(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊

(၇) နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်နေရသူ။

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင်ရေးသွင်းရန် အခက်အခဲရှိသူများအတွက် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် မိမိကိုယ်တိုင်ဆန္ဒပြုရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့်နည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။"

၂၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၆။ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေကြသောမဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် -

(က) ယင်းတို့သည်အမြဲတမ်းနေရပ်ရှိမဲစာရင်းဖြင့် ထိုမဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုမဲပေးလိုပါက ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိ၏အမြဲတမ်းနေရပ်ရှိ သတ်မှတ်ထားသည့်မဲရုံတွင် ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးနိုင်သည်။

(ခ) ယင်းတို့သည် မိမိတို့၏အမြဲတမ်းနေရပ်သို့သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင်ရွေးကောက်ခံသောလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် ယင်းတို့အတွက်မဲစာရင်းထည့်သွင်းခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့ကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။"

၂၁။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

"၄၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၄၇ အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ ရှေ့မှောက်၌ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်တွင် ကြိုတင်၍ ရေတွက်ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲမကျင်းပမီ ၂ ရက်ကြိုတင်၍ ယင်းနေ့ညနေ ၄ နာရီမတိုင်မီ မိမိလက်ဝယ်သို့ ရောက်ရှိနေသော ပုဒ်မ ၄၅ ပုဒ်မခွဲ(က) အရ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ ရေတွက်ပြီး သက်ဆိုင်ရာ ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့် အတိုင်းကြေညာရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနှင့်သက်ဆိုင်သော မဲရုံအသီးသီးအတွက် ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)အရ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ဆန္ဒပြုခဲ့သော မဲဆန္ဒရှင် အမည်စာရင်းတို့ကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမဖွင့်မီ သက်ဆိုင်ရာမဲရုံမှူး၏လက်ဝယ်သို့ အရောက်ပေးပို့ရမည်။

(ဃ) သက်ဆိုင်ရာမဲရုံအလိုက် ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင် မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုထားသည့် ဆန္ဒမဲရလဒ်များကို ရေးမှတ်ရမည်။ ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် ခိုင်လုံသောဆန္ဒမဲနှင့် ပယ်မဲများကို နည်းဥပဒေများနှင့်အညီ ခွဲခြား၍ရေတွက်ရမည်။ မဲရုံမှူးသည် ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက် သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒပြုထားသည့် ဆန္ဒမဲရလဒ်များကို သတ်မှတ်ထားသည့်အတိုင်း ဆန္ဒမဲစာရင်းဇယားများပြုစုပြီး ကပ်ထားကြေညာရမည်။ ယင်းဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် မိမိနယ်မြေအတွင်းရှိ မဲရုံမှူးများကပြုစုထားသော ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီရောက်ရှိစေရန် အမြန်ဆုံးပေးပို့ရေးအတွက် လိုအပ်သလိုကြီးကြပ်ဆောင်ရွက်ရမည်။"

၂၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၄၉။ (က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၄၈ ပုဒ်မခွဲ(ဃ) နှင့်အညီ ပေးပို့လာသည့် စာရင်းများနှင့် မိမိလက်ဝယ်ရှိ ကြိုတင်ဆန္ဒမဲစာရင်းဇယားများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့်ဆန္ဒမဲစာရင်းဇယားများကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍ ကပ်ထားကြေညာရမည်။ ယင်းဆန္ဒမဲစာရင်းဇယားတစ်စောင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ ဆန္ဒမဲစာရင်းဇယားတစ်စောင်ကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် –

(၁) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က)နှင့်အညီ ပေးပို့သည့်စာရင်းများနှင့် မိမိလက်ဝယ်ရှိ ကြိုတင်ဆန္ဒမဲစာရင်းဇယားများအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ထားသည့်အတိုင်းပြုစု၍ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးအတွက် ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသူများကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာရမည်။

(၂) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ခိုင်လုံမဲများကို ယင်းတို့ကိုယ်စားပြုသည့် နိုင်ငံရေးပါတီက ရရှိသောဆန္ဒမဲများအဖြစ် သတ်မှတ်ရမည်။ ယင်းခိုင်လုံမဲများကို မဲဆန္ဒနယ်အလိုက် စုစည်း၍ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပြုစုပြီး သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များ၏အမည်ကို ကြေညာရမည်။

(ဂ) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ ယှဉ်ပြိုင်သော ရွေးကောက်ပွဲ၌ အများဆုံးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်တူညီနေပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။ ရွေးကောက်ပွဲထပ်မံကျင်းပပေးရန် ကော်မရှင်ကညွှန်ကြားလျှင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့သည် ဤဥပဒေနှင့်အညီ ရွေးကောက်ပွဲကို ထပ်မံကျင်းပပေးရမည်။ ယင်းသို့ ထပ်မံကျင်းပသော ရွေးကောက်ပွဲ၌ ထိုဆန္ဒမဲတူညီနေသူများသာလျှင် ယှဉ်ပြိုင်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။"

၂၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၂ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၅၂။ ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်ထားသော ကာလအတွင်း ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသာရှိပြီး ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ကွယ်လွန်လျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသည့်အဆင့်မှစ၍ ပြန်လည်ဆောင်ရွက်ရမည်။"

၂၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၅ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၅၅။ ရွေးကောက်ပွဲကိုယ်စားလှယ်သည် သက်ဆိုင်ရာ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ထိန်းသိမ်းထားရှိရမည်။ ယင်းကုန်ကျစရိတ်စာရင်းကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့တင်ပြရမည်။"

၂၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ တွင် –

(က) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"(က) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း ပျက်ပြားစေရန် တစ်နည်းနည်းဖြင့် ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(ခ) နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအပေါ် အခွင့်အရေးတစ်ရပ်ရပ် ရရှိစေရန် သို့မဟုတ် ဆုံးရှုံးစေရန် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်မရှိဘဲ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(ဂ) နည်းဥပဒေများပါ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊"

(ခ) မူလပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို ပုဒ်မခွဲ (ဃ)၊ (င) နှင့် (စ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဂ) မူလပုဒ်မခွဲ (ဃ)ကို ပယ်ဖျက်ရမည်။

၂၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၄ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၆၄။ (က) မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးရာတွင် မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့် ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့် သင်္ကေတအမှတ်အသားမဟုတ်ဘဲ အခြားလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်နှင့်သင်္ကေတအမှတ်အသားကို မှားယွင်းဖော်ပြသည်ဟု မမှန်မကန်တိုင်တန်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

(ဂ) မည်သူမဆို ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စုဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း၊ အီလက်ထရောနစ်မဲပေးစက်ကို တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် ယူဆောင်သွားခြင်း ပြစ်မှုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"

၂၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"(ဂ) ပုဒ်မခွဲ(ခ)တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၅၃ အရ ကော်မရှင်ကလည်းကောင်း၊ ကော်မရှင်၏တာဝန်ပေးချက်အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကလည်းကောင်း စုံစမ်းစစ်ဆေးပေါ်ပေါက်သည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်း၍ ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း အရေးယူဆောင်ရွက်နိုင်သည်။"

၂၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ တွင် –

(က) ပုဒ်မခွဲ(က)ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်–

"(က) နိုင်ငံရေးပါတီကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ –"

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

( ခ ) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ခ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် လွှတ်တော်တစ်ရပ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကို တစ်ချိန်တည်းကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊"

( ဂ ) ပုဒ်မခွဲ(င)ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် –

"(င) နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း –"

(ဃ) ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ဇ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကိုဖြန့်ချိထုတ်ဝေခြင်း၊"

( င ) ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် ယင်း၏ဆန္ဒမဲလက်မှတ်ကို သို့မဟုတ် အီလက်ထရောနစ်မဲပေးစက်ကို တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် မဲရုံမှ အခြားနေရာသို့ယူဆောင်သွားခြင်း၊"

၂၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀ တွင် ပါရှိသော "ရှေ့နေချုပ်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုရှေ့နေချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရှေ့နေချုပ်ရုံး" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၈ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၇၈။ ရွေးကောက်ပွဲခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်မှုများကို စစ်ဆေးရာတွင် သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။"

၃၁။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁ ၏နောက်တွင် ပုဒ်မ ၈၁–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"၈၁–က။ ကော်မရှင်သည် –

(က) ပုဒ်မ ၄ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်တစ်နယ်တွင် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တရားမဲ့ပြုကျင့်မှုကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ပြီး ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ခြင်းမရှိလျှင်ဖြစ်စေ၊ ပြင်ဆင်မှု သို့မဟုတ် အယူခံမှုဝင်ရောက်ပါက ကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုလျှင်ဖြစ်စေ ယင်းလွှတ်တော်ကိုယ်စားလှယ် ရရှိခဲ့သည့် အဆိုပါမဲဆန္ဒနယ်၏ ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်အတွက် ပုဒ်မခွဲ(က)ပါ မဲဆန္ဒနယ်မှ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသောခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။

( ဂ ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ)အရသတ်မှတ်ထားသည့် မဲဆန္ဒနယ်တစ်နယ်တွင် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တရားမဲ့ပြုကျင့်မှုကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ပြီး ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ခြင်းမရှိလျှင်ဖြစ်စေ၊ ပြင်ဆင်မှု သို့မဟုတ် အယူခံမှုဝင်ရောက်ပါက ကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုလျှင်ဖြစ်စေ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်းဆောင်ရွက်ရမည်။"

၃၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၂ တွင် –

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(က) အီလက်ထရောနစ်မဲပေးစက်များ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများနှင့် ဆန္ဒမဲလက်မှတ်များကို စနစ်တကျပြုစုထိန်းသိမ်းခြင်း၊"

( ခ ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ဃ) ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့်နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း။"

၃၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့်ဖြစ်စေ၊ သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ်နှစ်ဆယ် ချမှတ်နိုင်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

( ခ ) ကော်မရှင်က ရွေးကောက်ပွဲတစ်ခုတွင် တရားမဲ့ပြုကျင့်မှုရှိကြောင်း စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စစ်ဆေးသည့်အခါ သက်ဆိုင်ရာပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ တာဝန်ရှိသူ သို့မဟုတ် ယင်းကိစ္စအလို့ငှာ တာဝန်ပေးအပ်ခံရသူက ကြိုတင်စီစဉ်ထားခဲ့သည့် တရားမဲ့ပြုကျင့်မှုနည်းလမ်းတစ်ခုခုကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ယင်းနည်းလမ်းတစ်ခုခုအတိုင်း ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သို့မဟုတ် ဆုံးဖြတ်ချက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းအားကျင်းပခဲ့သည့်ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့်လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းနှစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

( ဂ ) အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

၃၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ၏နောက်တွင် ပုဒ်မ ၈၈–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"၈၈–က။ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာတင်သွင်းစဉ်က လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ တင်သွင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းခံရမည် ဖြစ်သည်။"

၃၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ခဲ့လျှင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်နေရာတွင် သတ်မှတ်ချက်နှင့်အညီ အစားထိုးဖြည့်စွက်ခြင်းနှင့် မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရမည်။"

၃၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ၏နောက်တွင် ပုဒ်မ ၈၉–က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် –

"၈၉–က။ ကော်မရှင်သည် –

(က) ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ ဆောင်ရွက်နိုင်သည်။

( ခ ) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အခကြေးငွေများကို သတ်မှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို**
**နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ**
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈/၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
( ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း ကော်မရှင်က သတ်မှတ်ကျင်းပပေးသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ ပုံမှန်လွှတ်တော် သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်၊

(ခ) **ကော်မရှင်** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုဆိုသည်၊

(ဂ) **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ကော်မရှင်ကဖွဲ့စည်းထားသည့် အောက်ပါအဖွဲ့ခွဲတို့ကို ဆိုသည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊

(၂) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၄) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ။

(ဃ) **မဲဆန္ဒရှင်** ဆိုသည်မှာ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး လွှတ်တော်ရွေးကောက်ပွဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မဲပေးခွင့်ရှိသူကိုဆိုသည်၊

(င) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်းတာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသောအဖွဲ့ကိုဆိုသည်၊

(စ) **မဲရုံမှူး**ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကိုဆိုသည်၊

(ဆ) **ကိုယ်စားလှယ်လောင်း** ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခံရန်အတွက် အမည်စာရင်း တင်သွင်းခြင်းခံရသည့် နိုင်ငံရေးပါတီတစ်ခုခုမှ ကိုယ်စားလှယ် သို့မဟုတ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ကိုဆိုသည်၊

(ဇ) **လူစုလူဝေး** ဆိုသည်မှာ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော သူများဖြင့် စုပေါင်းဖွဲ့စည်းထားသော လူစုလူဝေးကိုဆိုသည်၊

(ဈ) **လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီကို ဆိုသည်၊

(ည) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီမှ ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများကိုဆိုသည်၊

(ဋ) **မဲရုံ** ဆိုသည်မှာ ကြိုတင်ဆန္ဒမဲပေးခြင်း အပါအဝင် ဆန္ဒမဲပေးရန်အလို့ငှာ သတ်မှတ်ပေးသည့်နေရာကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါနေရာ တည်ရှိသည့် ပရိဝုဏ်လည်း ပါဝင်သည်၊

(ဌ) **ရွေးကောက်ပွဲကာလ** ဆိုသည်မှာ ကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်ရက် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍ မဲဆွယ်စည်းရုံးသည့်ကာလ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့နှင့် ကော်မရှင်က ရွေးကောက်ပွဲရလဒ်ထုတ်ပြန်ပြီးသည့် နေ့ရက်ထိကာလကို ဆိုသည်၊

(ဍ) **ရွေးကောက်ပွဲလုပ်ငန်းစဉ်** ဆိုသည်မှာ မဲဆန္ဒနယ်သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ မဲစာရင်းပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊ မဲဆန္ဒနယ်အလိုက် မဲရုံသတ်မှတ်ပေးခြင်းနှင့် မဲရုံတည်ဆောက်ခြင်း၊ ဆန္ဒမဲလက်မှတ်အတည်ပြုခြင်း၊ ပုံနှိပ်ခြင်းနှင့် ထုတ်ပေးခြင်း၊ ရွေးကောက်ပွဲ ကျင်းပခြင်း၊ မဲရေတွက်ခြင်း၊ မဲစာရင်းအတည်ပြုကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အတည်ပြုထုတ်ပြန်ကြေညာခြင်း စသည့်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်၊

(ဎ) ဤဥပဒေ၌ အဓိပ္ပာယ်ဖွင့်ဆိုမထားသော ပြစ်မှု၊ ပြစ်ဒဏ်ပါ စကားရပ်များသည် ရာဇသတ်ကြီး၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းကို တားဆီးနှောင့်ယှက်ခြင်းမှကာကွယ်ရန်၊

(ခ) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမကျင်းပမီ စည်းရုံးရေးကာလအတွင်း ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးမှုများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ရန်၊

(ဂ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း လုံခြုံစိတ်ချစွာဖြင့် လွတ်လပ်စွာ ဆန္ဒမဲပေးရေးကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်းတို့မှ ကာကွယ်ရန်၊

(ဃ) မဲရုံနှင့် မဲရုံအတွင်း တာဝန်ကျသူများ လုံခြုံမှုအပြည့်အဝဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်။

**အခန်း(၃)**
**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ**
**လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏**
**လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — ဒုဥက္ကဋ္ဌ(၁)
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — ဒုဥက္ကဋ္ဌ(၂)
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၇) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(၉) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၁၃) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၄) ရဲဦးစီးအရာရှိချုပ် — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ခ) လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရွေးကောက်ပွဲကာလအတွက် လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်နှင့် မူဝါဒချမှတ်ပေးခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပေးခြင်းနှင့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့်အညီ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် ဒေသဆိုင်ရာကော်မတီများကို လမ်းညွှန်ခြင်း၊

(ဃ) ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးကို ထိပါးစေနိုင်သည့် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများအား စောင့်ကြည့်သတင်းရယူခြင်းနှင့် အရေးယူဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် ရွေးကောက်ပွဲကာလဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၄)**
**ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း**

၆။ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၂) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) တိုင်းဒေသကြီး သို့မဟုတ် — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) စစ်ဦးစီးဗိုလ်မှူးကြီး — အဖွဲ့ဝင်
တိုင်းစစ်ဌာနချုပ်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် — အဖွဲ့ဝင်
ဥပဒေအရာရှိ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး

စာမျက်နှာ ၂၃ သို့

**စာမျက်နှာ ၂၂ မှအဆက်**

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၇) တိုင်းဒေသကြီး သို့မဟုတ် — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် — အဖွဲ့ဝင်
ပြည်နယ် ပညာရေးမှူး
အခြေခံပညာဦးစီးဌာန

(၉) ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(၁၀) ဦးစီးအရာရှိ(ပထမတန်း) — တွဲဖက်အတွင်းရေးမှူး
(ဦး၊ ရေး၊ ထောက်)
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(ခ) ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ကောင်စီအဖွဲ့ဝင်(၁) — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၂) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
နေပြည်တော်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) စစ်ဦးစီးဗိုလ်မှူးကြီး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး
ဦးစီးဌာန

(၇) ပြည်ထောင်စုနယ်မြေဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၈) ပြည်ထောင်စုနယ်မြေပညာရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၉) ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

(၁၀) ဦးစီးအရာရှိ(ပထမတန်း) — တွဲဖက်အတွင်းရေးမှူး
(ဦး၊ ရေး၊ ထောက်)
နေပြည်တော်ရဲတပ်ဖွဲ့

(ဂ) ပုဒ်မခွဲ(က)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် ပုဒ်မခွဲ(ခ)ပါ ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီတို့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ရွေးကောက်ပွဲလုံခြုံရေးစီမံချက်ပါ အပိုင်းအလိုက်လုပ်ငန်းများဆောင်ရွက်မှုအား ကြပ်မတ်ကွပ်ကဲခြင်းနှင့် ရွေးကောက်ပွဲကာလတစ်လျှောက်လုံး စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးကိုထိပါးစေနိုင်သည့် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၏လှုပ်ရှားမှုများအား စောင့်ကြည့်သတင်းရယူခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စ) လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် ရွေးကောက်ပွဲကာလဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၈။ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ
စီမံအုပ်ချုပ်ရေးအဖွဲ့

(၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) အဖွဲ့ဝင်(၁) — အဖွဲ့ဝင်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ
စီမံအုပ်ချုပ်ရေးအဖွဲ့

(၄) ခရိုင်မီးသတ်ဦးစီးမှူး — အဖွဲ့ဝင်
ခရိုင်မီးသတ်ဦးစီးမှူးရုံး

(၅) ခရိုင်ဥပဒေအရာရှိ — အဖွဲ့ဝင်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရဒေသ
ဥပဒေရုံး

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် — အဖွဲ့ဝင်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) ခရိုင်ပညာရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၈) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး — အတွင်းရေးမှူး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

(ခ) ခရိုင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ခရိုင်တာဝန်ခံအရာရှိ — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၃) အဖွဲ့ဝင် (၁) — အဖွဲ့ဝင်
ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့

(၄) ခရိုင်မီးသတ်ဦးစီးမှူး — အဖွဲ့ဝင်
ခရိုင်မီးသတ်ဦးစီးမှူးရုံး

(၅) ခရိုင်ဥပဒေအရာရှိ — အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး

(၆) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) ခရိုင်ပညာရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၈) ခရိုင်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီတို့၏ လမ်းညွှန်ချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလအတွက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးကိစ္စရပ်များ စီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ရွေးကောက်ပွဲလုံခြုံရေးစီမံချက်ပါ အပိုင်းအလိုက်လုပ်ငန်းများဆောင်ရွက်မှုအား ကြပ်မတ်ကွပ်ကဲခြင်းနှင့်ရွေးကောက်ပွဲကာလတစ်လျှောက်လုံး စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးကို ထိပါးစေနိုင်သည့် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများအား စောင့်ကြည့်သတင်းရယူခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ကော်မတီအဆင့်ဆင့်သို့ တင်ပြခြင်း၊

(စ) လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီက အခါအားလျော်စွာပေးအပ်သည့်ရွေးကောက်ပွဲကာလအတွက် လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီသည်-

(က) မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်တာဝန်ခံအရာရှိ — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၃) အဖွဲ့ဝင်(၁) — အဖွဲ့ဝင်
မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့

(၄) မြို့နယ်မီးသတ်ဦးစီးမှူး — အဖွဲ့ဝင်
မြို့နယ်မီးသတ်ဦးစီးမှူးရုံး

(၅) မြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
မြို့နယ်ဥပဒေရုံး

(၆) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) မြို့နယ်ပညာရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၈) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

(၉) မြို့နယ်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ခ) မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

**စာမျက်နှာ ၂၄ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

(ခ) မြို့နယ်ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုံခြုံရေးစီမံချက်ပါ အပိုင်းအလိုက်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲကာလတစ်လျှောက်လုံး စဉ်ဆက်မပြတ်ကြပ်မတ် ဆောင်ရွက်ခြင်း၊

(ဂ) မဲဆွယ်စည်းရုံးစဉ်ကာလမှစတင်၍ မိမိမြို့နယ်အတွင်း ဟောပြောလှုပ်ရှားမှုများ၊ မဲဆွယ်စည်းရုံးမှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လုံခြုံရေးထိခိုက်စေမည့် ဖြစ်နိုင်ဖွယ်ရှိသောအလားအလာများကို အချိန်နှင့်တစ်ပြေးညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်းနှင့် လုံခြုံရေးအစီအမံများဆောင်ရွက်ခြင်း၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီက အခါအားလျော်စွာပေးအပ်သည့် ရွေးကောက်ပွဲကာလအတွက် လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်ခြင်း**

၁၂။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အောက်ပါ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောလုံခြုံရေးဆောင်ရွက်ပေးရန် မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တောင်းခံနိုင်သည်-

(က) မဲစာရင်းပြုစုခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် မဲရုံနှင့် မဲရုံတည်နေရာ သတ်မှတ်ခြင်း၊

(ဂ) မဲရုံနှင့် မဲရုံပရိဝုဏ်အတည်ပြုခြင်း၊ စစ်ဆေးခြင်း၊ မဲရုံနေရာ ပြောင်းရွှေ့ခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်၊ မဲပုံးနှင့် မဲပေးသည့်စက်၊ စက်ပစ္စည်း ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများသယ်ယူရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်း။

၁၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ဥပဒေနှင့်အညီ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်စဉ် လုံခြုံရေးဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တောင်းခံနိုင်သည်။

၁၄။ မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီသည် ပုဒ်မ ၁၂ နှင့် ၁၃ အရ အကြောင်းကြားလာပါက သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်။ သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့က သင့်လျော်သည့်လုံခြုံရေးဆောင်ရွက်ပေးရမည်။

၁၅။ မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် လိုအပ်သည့်လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

**အခန်း(၆)**

**တားမြစ်ချက်များ**

၁၆။ မည်သူမျှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုဖြစ်စေ သို့မဟုတ် လုပ်ငန်းစဉ်၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပျက်ပြားစေရန် ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း သို့မဟုတ် စာရေးသားဖြန့်ချိခြင်းတို့ကို မည်သည့်နည်းနှင့်မျှမပြုရ။

၁၇။ မည်သူမျှ မဲဆန္ဒရှင်တစ်ဦးဦးကို ဆန္ဒမဲမပေးနိုင်စေရန်အတွက် အောက်ပါပြုလုပ်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုရ-

(က) ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ မလျော်ဩဇာသုံးခြင်း၊

(ခ) မိမိအလိုအလျောက် နာကျင်စေခြင်း၊

(ဂ) မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေခြင်း။

၁၈။ မည်သူမျှ ရွေးကောက်ပွဲကာလအတွင်း မဲရုံမှူးကိုဖြစ်စေ၊ မဲရုံအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ပေးအပ်ထားသူတစ်ဦးဦးကိုဖြစ်စေ ယင်း၏တာဝန်ဝတ္တရားများ မထမ်းဆောင်နိုင်စေရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုရ-

(က) ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊

(ခ) မိမိအလိုအလျောက် နာကျင်စေခြင်း၊

(ဂ) မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေခြင်း။

၁၉။ မည်သူမျှ ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးကို ယင်း၏တာဝန်ဝတ္တရားများမထမ်းဆောင်နိုင်စေရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုရ-

(က) ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊

(ခ) မိမိအလိုအလျောက် နာကျင်စေခြင်း၊

(ဂ) မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေခြင်း။

၂၀။ မည်သူမျှ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုရ-

(က) ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊

(ခ) မိမိအလိုအလျောက် နာကျင်စေခြင်း၊

(ဂ) မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေခြင်း။

၂၁။ မည်သူမျှ ဆန္ဒမဲလက်မှတ်၊ မဲပုံး၊ မဲပေးစက်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို မည်သည့်နည်းဖြင့်မဆို မိမိအလိုအလျောက် ဖျက်ဆီးခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်း ကိုမပြုရ။

၂၂။ မည်သူမျှ ရွေးကောက်ပွဲကော်မရှင်ရုံး သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲရုံး ကိုဖြစ်စေ၊ မဲရုံ သို့မဟုတ် မဲရုံအဖြစ်အသုံးပြုသည့်အဆောက်အဦကို ဖြစ်စေ၊ မဲလက်မှတ်၊ မဲပုံး၊ မဲပေးစက်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းထားသည့် အဆောက်အဦကိုဖြစ်စေ မည်သည့်နည်းဖြင့်မဆို ဖျက်ဆီးခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်းကိုမပြုရ။

**အခန်း(၇)**

**ပြစ်ဒဏ်များ**

၂၃။ မည်သူမဆို-

(က) ပုဒ်မ ၁၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိချမှတ်ရမည့် ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်၊

(ခ) ယင်းပြစ်မှုကို လူစုလူဝေးဖြင့် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သူများအား ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၄။ မည်သူမဆို-

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၁၉ ပုဒ်မခွဲ(က)၊ (ခ) သို့မဟုတ် ပုဒ်မ ၂၀ ပုဒ်မခွဲ(က)၊ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့် ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို လူစုလူဝေးဖြင့် ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှု ကျူးလွန်သူများကို ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင် သည်။

၂၅။ မည်သူမဆို-

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် နှစ်နှစ်ဆယ်အထိချမှတ်ရမည့်ပြင် ငွေဒဏ် လည်းချမှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို လူစုလူဝေးဖြင့် ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှု ကျူးလွန်သူများကို ထောင်ဒဏ်အနည်းဆုံး ဆယ့်ငါးနှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ချမှတ်ရမည့်ပြင် ငွေဒဏ် လည်းချမှတ်နိုင်သည်။

၂၆။ မည်သူမဆို-

(က) ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက် ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ ကို ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို လူစုလူဝေးဖြင့် ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှု ကျူးလွန်သူများကို ထောင်ဒဏ်အနည်းဆုံး ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ချမှတ်ရမည့်ပြင် ငွေဒဏ် လည်းချမှတ်နိုင်သည်။

၂၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာ၌ တစ်ဦးတစ်ယောက် ကို သေဆုံးမှုဖြစ်စေလျှင် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူအသီးသီးကို သေဒဏ်ချမှတ်ရမည်။

၂၈။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ် လျှင်ဖြစ်စေ၊ ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေး ကူညီလျှင်ဖြစ်စေ မူရင်းပြစ်မှုတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ချမှတ်ရ မည်။

**အခန်း(၈)**

**အထွေထွေ**

၂၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်ပါက ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏ လူပုဂ္ဂိုလ် လုံခြုံရေးကို စီစဉ်ဆောင်ရွက်ပေးရမည်။

၃၀။ ဤဥပဒေအရ တရားစွဲဆိုရာတွင် လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟို ကော်မတီ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာ ကော်မတီ၏ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၁။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၃၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သည့်စည်းမျဉ်းစည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံနေစဉ်။

❍ ရှေ့ဖုံးမှအဆက်

ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူဦးရေ ၁၁၁၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည့်အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်နန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၁ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

၎င်းပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



နောင်ချိုမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဒလမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မော်စကဲရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ်နယ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ် အလင်းဝင်လာကြတဲ့ PDF လူငယ်များ”** ခေါင်းစဉ်ဖြင့် ၃၀-၇-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ☆ ကျောဖုံးမှအဆက်

အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည် နိုင်ခဲ့ကြသည်။ ချန်ပီယံဆုအားဆွတ်ခူးခဲ့သည့် အသက် ၂၁ နှစ်အရွယ် ဖန်နွမ်လေ့ဘ်တီသည် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကသို့ စတင်ဝင်ရောက်လာခဲ့ပြီး ပွဲဦးထွက်တွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည့် ဖန်နွမ်လေ့ဘ်တီက “လုံးဝကိုထင်မှတ်မထားတဲ့ အခြေအနေဖြစ်ပါတယ်။ အရမ်းလည်းအံ့ဩမိပါတယ်။ ပရော်ဖက်ရှင်နယ်လောကထဲကိုမဝင်ခင်ကတည်းက ဂေါက်သီးရိုက်တိုင်း သတ်မှတ်ရိုက်ချက်ထက် အများကြီးလျော့နည်းအောင်ရိုက်ရတာကိုသဘောကျတယ်။ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲစဝင်တော့ အတွေ့အကြုံတစ်ခုအတွက်ပဲရည်မှန်းပြီး ဝင်ပြိုင်ခဲ့တာပါ။ ဒါပေမဲ့လည်း မထင်မှတ်ဘဲအခုလို အောင်မြင်မှုကိုပါ ဆွတ်ခူးနိုင်ခဲ့တယ်။ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲဝင်ရင် အရမ်းကိုဖိအားများမယ်ဆိုတာသိပါတယ်။ ဒါပေမဲ့လည်း အတတ်နိုင်ဆုံး ဖိအားနည်းအောင်ကြိုးစားခဲ့တယ်။ ပြိုင်ပွဲလေးရက်မှာအရမ်းပင်ပန်းခဲ့ပါတယ်။ ရလဒ်ကောင်းတဲ့နေ့ရှိခဲ့သလို မကောင်းတဲ့နေ့လည်းရှိခဲ့ပါတယ်” ဟုပြောကြားခဲ့သည်။

Ref : RT

Trs : AZL

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင်များနှင့် PDF အဖွဲ့ဝင် ၂၁ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်နယ်မြေများကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့်လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံ တပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၈ ရက်ထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၅၂ ဦး စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ DPLA အဖွဲ့ဝင် အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး၊ MDY–PDF အဖွဲ့မှ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး နှစ်ဦး၊ ရွှာင် PDF အဖွဲ့မှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၂၁ ဦးတို့သည် Zoraki အမျိုးအစား ပစ္စတို တစ်လက်နှင့်အတူ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းများကြောင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး ချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့သည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကိုခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခံရခြင်းများ ရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက် တိုက်ခိုက်လိုခြင်းမရှိခြင်းကြောင့် အသက်ရှင်သန်ရေးအတွက် အခက်အခဲ ဒုက္ခမျိုးစုံကြားမှ ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ အကြမ်းဖက်သမား



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်များနှင့် PDF အဖွဲ့ဝင် ၂၁ ဦးအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံခြင်း ကျင်းပစဉ်။

များ၏လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကိုပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

"ကျွန်တော်ကတော့ DPLF ၊ DPLA အကြမ်းဖက် အဖွဲ့အစည်းကနေပြီးတော့ အလင်းဝင်ရောက်လာတဲ့သူဖြစ်ပါတယ်။ ဒီအကြမ်းဖက်အဖွဲ့အစည်းကိုမဝင်ရောက်ခင်အချိန်မှာ ဆန္ဒပြပွဲတွေမှာ စိတ်ပါဝင်စားမှုမရှိခဲ့ပေမယ့် လူငယ်တစ်ယောက်ပီပီ Social Network သုံးစွဲတာတွေနဲ့ အဲဒီအထဲကို ကြိုတင်ရောက်နှင့်ပြီးသား သူငယ်ချင်းတစ်ယောက်က ဆွဲဆောင်မှုကြောင့် အဲဒီအကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်ရှိသွားတာဖြစ်ပါတယ်။ ကျွန်တော် အဲဒီ အကြမ်းဖက်အဖွဲ့အစည်းကို ကျောက်မဲမြို့ ခွန်ကော်ကျေးရွာမှာ သင်တန်း သုံးလတက်ပြီးတာနဲ့ ကျွန်တော်က ၁၀ တန်းအောင်မြင်ထားတဲ့သူတစ်ယောက်ဖြစ်တဲ့အတွက် KIA၊ KPDF၊ NUG က ဦးစီးဖွင့်လှစ်ထားတဲ့ ဆေးသင်တန်းကို ကျွန်တော် သုံးလတက်ရောက်ခဲ့ရပါတယ်။ အဲဒီသုံးလ ကျွန်တော်တက်ရောက်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ နောင်ချိုမြို့ ပါဟက်ရပ်ကွက်ထဲမှာ ဒီအကြမ်းဖက်အဖွဲ့ထဲက ထိခိုက်ဒဏ်ရာ ရရှိလာတဲ့သူတွေကို ကုသပေးနေတဲ့ CDM ဆေးဆရာဝန်နဲ့အတူ ကျွန်တော် ဆေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ ဆေးမှူးတာဝန်ကိုပဲ ထမ်းဆောင်ရတာဖြစ်တဲ့အတွက် အခွန်ငွေကောက်ခံတဲ့ကိစ္စတွေ၊ တချို့သောကိစ္စတွေကို ကျွန်တော်သေချာမသိပါဘူး။ ဒီအတင်းအဓမ္မ လူသစ်စုဆောင်းတဲ့ကိစ္စတွေကိုတော့ ကျွန်တော် တချို့သိခဲ့ရပါတယ်။ ဘာလို့လဲဆိုတော့ လူသစ်စုဆောင်းလာတဲ့အထဲမှာ လူသစ်စုဆောင်းလာတဲ့လူတွေကို နေရာထားတာ



မလုံလောက်လို့ ကျွန်တော့်ဆေးခန်းမှာ လာထားတဲ့အတွက် ကျွန်တော်သိရှိခဲ့ရတာဖြစ်ပါတယ်။ အဲဒီလူသစ်စုဆောင်းတဲ့အချိန်မှာလည်း ရွာတွေကို ဝိုင်းပြီးတော့ ကျည်တွေဖောက်ပြီးတော့ တစ်အိမ်တက်၊ တစ်အိမ်ဆင်း လူသစ်ဆွဲတာတွေဖြစ်တယ်။ ရှေ့တန်းစစ်မျက်နှာပြင်မှာဆိုရင်လည်း ဒီအကြမ်းဖက်အဖွဲ့အစည်းမှာ အထက်လူကြီးတွေက အောက်လက်ငယ်သားတွေကိုအနိုင်ကျင့်တာတွေ၊ သူတို့ကျတော့ အဆင်ပြေပြေနေပြီးတော့ အောက်ကလူတွေကို အတင်းတိုက်ခိုင်းတာတွေ၊ ခံစစ်မှာဆိုရင်လည်း အတင်းခံစစ်ပြင်ခိုင်းတာတွေရှိတယ်။ အဲဒီလိုမျိုးတွေလည်း ကျွန်တော့်ဆီရောက်လာတဲ့ ထိခိုက်ဒဏ်ရာရလာတဲ့သူတွေဆီကတစ်ဆင့် ကျွန်တော် ပြန်ကြားရတာဖြစ်တယ်။ သူတို့ရဲ့ ဖိအားပေးမှုတွေကြောင့် တချို့ ကျွန်တော်တို့ ဒီတောထဲဝင်တဲ့ အကြမ်းဖက်အဖွဲ့အစည်းက သူငယ်ချင်းတွေလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတာတွေလည်း အများကြီးရှိတယ်။ အဲဒီလိုကိစ္စတွေကြားတဲ့အတွက် ကျွန်တော်ကအလင်းဝင်ရောက်ဖို့ စဉ်းစားတယ်။ ဒါပေမဲ့ အလင်းဝင်ရောက်ဖို့ လုပ်တဲ့အချိန်မှာလည်း သံသယတော့ရှိမိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီဘက်မှာ ဝါဒဖြန့်ထားတာက တပ်မတော်ဘက်က ကျွန်တော်တို့ အလင်းဝင်ရောက်တဲ့သူတွေကို ဖမ်းဆီးတယ်။ ရိုက်နှက်တယ်။ သတ်ဖြတ်တယ်။ ထောင်ချတယ်ဆိုပြီးတော့ ဝါဒဖြန့်ထားတယ်။ အဲဒီအတွက် စိုးရိမ်မှုတော့ရှိတယ်။ ဒါပေမဲ့ ဟိုမှာနေပြီးတော့ အလကားသေမယ့်အစားတော့ ကျွန်တော်ဒီဘက်ကိုပဲ အလင်းဝင်ရောက်လိုက်မယ်ဆိုပြီးတော့ပဲ ဆုံးဖြတ်လိုက်တယ်။ အဓိကအလင်းဝင်ရတဲ့ အကြောင်းရင်းက DPLA အကြမ်းဖက်အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တွေကျတော့ ခနုအမျိုးသားလွတ်မြောက်ရေးတပ်မတော်လို့ ထောင်ပြီးတော့ ခနုပြည်သူတွေကို အဓမ္မဖမ်းဆီးတာတွေ၊ ငွေညှစ်တာတွေ၊ ပြီးတော့ အသက်မပြည့်သေးတဲ့သူတွေပါ ပါတယ်။ သူတို့တွေကိုပါ လူသစ်စုဆောင်းတာတွေရှိတယ်။ ပြီးတော့ အောက်လက်ငယ်သားတွေကိုလည်း အနိုင်ကျင့် ဖိနှိပ်တာတွေ၊ အရာရှိပိုင်းတွေပဲ အဆင်ပြေနေတာမျိုးတွေပဲမြင်နေရတဲ့အတွက် ကျွန်တော် အလင်းဝင်ရခြင်းဖြစ်ပါတယ်။ အခုလိုမျိုး ကျွန်တော် အလင်းဝင်ရောက်ပြီးတော့ မိသားစုနဲ့အတူတူ ပြန်လည်နေထိုင်တဲ့အချိန်မှာ ဒီတောထဲမှာ အတူတူသင်တန်းတက်ရောက်ဖူးတဲ့သူတွေ၊ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ အကုန်လုံးကိုလည်း မိသားစုနဲ့ နွေးနွေးထွေးထွေး ပြန်နေဖို့ တိုက်တွန်းချင်ပါတယ်။ တပ်မတော်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုနေပါတယ်။ အလင်းဝင်ရောက်တဲ့အချိန်မှာလည်း ကျွန်တော်တို့ကို ဟိုဘက်ကဝါဒဖြန့်ထားတာနဲ့ တခြားဆီပဲဗျ။ ဘယ်လိုခေါ်မလည်းဆိုတော့ နွေးနွေးထွေးထွေး မိသားစုလိုမျိုး၊ ညီအစ်ကိုမောင်နှမလိုမျိုး ဆက်ဆံ



တယ်။ ပြောဆိုတယ်။ နေထိုင်ရတယ်။ အဲဒီအတွက်လည်း ကိုယ့်ကိုယ်ကိုယ် အလင်းဝင်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဟိုဘက်မှာနေထိုင်ပြီးတော့ တောထဲမှာ ကျန်ခဲ့တဲ့သူငယ်ချင်းတွေ၊ အတင်းအဓမ္မစုဆောင်းခံရတဲ့လူငယ်တွေ၊ လမ်းမှားနေတဲ့လူငယ်တွေအကုန်လုံးကို တပ်မတော်ဘက်က နွေးနွေးထွေးထွေး ကြိုဆိုနေပါတယ်လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်ကတော့ ဖယ်ခုံ PDF အကြမ်းဖက် ပျားစစ်ကြောင်းမှ အလင်းဝင်ရောက်လာသူဖြစ်ပါတယ်။ ကျွန်တော် အကြမ်းဖက်အဖွဲ့ထဲကို မဝင်ရောက်လာခင်မှာ ပင်လောင်းမြို့မှာ မိသားစုနှင့်အတူနေထိုင်ပြီး တောင်ယာလုပ်ကိုင်နေပါတယ်။ အဲဒီလိုနေရင်းနဲ့ ပအိုဝ်းရွာမှာနေတဲ့ ကျွန်တော့်သူငယ်ချင်းက သူတို့အဖွဲ့အစည်းထဲဝင်ဖို့ လာခေါ်တဲ့အချိန်မှာ ကျွန်တော့်အိမ်နဲ့ အဆင်မပြေဖြစ်နေတာကြောင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော် အကြမ်းဖက်သင်တန်း သုံးလကို ဖယ်ခုံမြို့နယ် ဆင်ဖြူကျေးရွာ စာသင်ကျောင်း ကျောင်းဝင်းထဲမှာ တက်ရောက်ကာ ဆင်ဖြူကျေးရွာ စာသင်ကျောင်းဝင်းထဲမှာပဲ အခြေချပြီးတော့ ဖယ်ခုံမြို့အရှေ့ဘက်အခြမ်း ရပ်ရွာတွေမှာ ဆက်လက်လှုပ်ရှားပြီးတော့ အကြမ်းဖက်ဝင် တပ်သားတာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ အကြမ်းဖက်ခေါင်းဆောင်ပိုင်းတွေမှာ ကယန်းလူမျိုး ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ပြီးတော့ တချို့လက်အောက်ငယ်သားတွေမှာ ဗုဒ္ဓဘာသာ ဗမာ၊ ပအိုဝ်းလူမျိုးတွေပါဝင်ခဲ့ပေမယ့် ဘာသာရေးအရ ခွဲခြားဆက်ဆံတာတွေ၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံတာတွေအပြင် တပ်မတော်နဲ့ တိုက်ခိုက်ရတဲ့အချိန်တွေမှာလည်း ဗမာ၊ ပအိုဝ်းလူမျိုးတွေကို ရှေ့တန်းကျကျ တိုက်ခိုက်ခိုင်းပြီးတော့ သူတို့ကယန်းလူမျိုးတွေကို ပိုပြီးအရေးပေးဆက်ဆံတာကို တွေ့ရပါတယ်။ ကျွန်တော် အကြမ်းဖက်အဖွဲ့ဝင်ထဲကို ဝင်တာကြာလာတဲ့ အချိန်မှာတော့ ခေါင်းဆောင်ပိုင်းတွေရဲ့ လုပ်ရပ်တွေကို ကျွန်တော်သိမြင်လာတဲ့အခါမှာ မိသားစုနဲ့ပဲ ပြန်လည်နေထိုင်ဖို့ ကျွန်တော်စဉ်းစားဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ အရင်က ကျွန်တော်ကြားသိထားတဲ့ တပ်မတော်ထံ အလင်းဝင်သွားတဲ့သူတွေကို တပ်မတော်က ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှု၊ ထောင်ချမှုစသည့် ဝါဒဖြန့်တာတွေကြောင့် ကျွန်တော်အလင်းဝင်ရောက်ဖို့ အဆင်ပြေပါ့မလားလို့ စိုးရိမ်စိတ် ဖြစ်မိပါတယ်။ ကျွန်တော် အဓိက အလင်းဝင်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော် အကြမ်းဖက်အဖွဲ့ထဲ ဝင်ရောက်လာတဲ့ အချိန်က အိမ်နဲ့အဆင်မပြေတာကြောင့် သူငယ်ချင်းခေါ်လို့ လိုက်ခဲ့တာဖြစ်ပါတယ်။ အမှန်တကယ် လက်နက်ကိုင်တိုက်ခိုက်ရေးလုပ်ငန်းတွေ လုပ်တဲ့အချိန်မှာတော့ အဖွဲ့ထဲမှာ ခေါင်းဆောင်ပိုင်းတွေက ဘာသာရေးအရ ခွဲခြားဆက်ဆံတာတွေ၊



လူမျိုးရေးအရ နှိမ့်ချဆက်ဆံတာတွေအပြင် တိုက်ပွဲမှာလည်း ကျွန်တော်တို့ ပအိုဝ်းလူမျိုးတွေကိုပဲ ပြန်တိုက်နေရတဲ့အတွက် လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်လုပ်ဆောင်ချင် စိတ်မရှိတော့ဘဲ အလင်းဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်နဲ့ချိတ်ဆက်ပြီး အမှန်တကယ် ဝင်ရောက်တဲ့အချိန်မှာတော့ အရင်က ကျွန်တော်ကြားသိထားတဲ့ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှု၊ ထောင်ချမှု သူတို့ဝါဒဖြန့်သလို မဟုတ်ပါဘူး။ ကျွန်တော် အလင်းဝင်ရောက်တဲ့အချိန်မှာတော့ တပ်မတော်မှ တာဝန်ရှိသူတွေက နွေးထွေးစွာ ကြိုဆိုဆက်ဆံကြပါတယ်။ ကောင်းမွန်စွာထားတယ်။ မိသားစုသဖွယ်ဆက်ဆံကြတယ်။ အဲဒါတွေကို ကျွန်တော်မြင်ရတွေ့ရတော့ အရမ်းကိုဝမ်းသာမိပါတယ်။ ကျွန်တော် အခုလို အလင်းဝင်ရောက်လာတဲ့အချိန်မှာ မိသားစုတွေနဲ့အတူ အေးအေးချမ်းချမ်း နေရသလိုမျိုး ကျွန်တော်နဲ့အတူ တောထဲမှာနေထိုင်ခဲ့ဖူးတဲ့သူငယ်ချင်းတွေ၊ အဖွဲ့ထဲမှ လူငယ်တွေကိုလည်း တောထဲမှာနေပြီး အကြောင်းမဲ့သေရမယ့်အစား မိသားစုနဲ့အတူ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းပြီးတော့ ကျွန်တော့်လို အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ တပ်မတော်အနေနဲ့လည်း အလင်းဝင်ရောက်လာမယ့် လမ်းမှားနေတဲ့လူငယ်တွေကို နွေးထွေးစွာကြိုဆိုဆက်ဆံပြီးတော့ အရင်ကကြားသိထားတဲ့ ဝါဒဖြန့်တာတွေကိုနားမယောင်ဘဲ အမြန်အလင်းဝင်ရောက်ဖို့ ကျွန်တော့်အနေနဲ့

စာမျက်နှာ ၂၇ သို့

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က "DENKO" စက်သုံးဆီဆိုင်အား ဝင်ရောက်စားပြတိုက်လုယက်ကာ ဆီဆိုင်ဝန်ထမ်း နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်




PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်စားပြတိုက်လုယက်ကာ ဆီဆိုင်ဝန်ထမ်းနှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် "DENKO" စက်သုံးဆီဆိုင်၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၂၉**

လက်နက်ကိုင်အစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့်အပြင် အပြစ်မဲ့အရပ်သားပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လက်နက်အားကိုးဖြင့် ဓားပြတိုက်လုယက်ခြင်း၊ ပြန်ပေးဆွဲခြိမ်းခြောက်ငွေတောင်းခံခြင်းများ စသည့် အကြမ်းဖက်မှုလုပ်ရပ်များကိုပါ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘကျေးရွာအနီး ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ "DENKO" စက်သုံးဆီဆိုင်သို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ခြောက်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ဆီဆိုင်ဝန်ထမ်းများထံမှ လက်ကိုင်ဖုန်း လေးလုံး၊ ရွှေနားကပ် နှစ်ရန်၊ ဆိုင်ကယ်နှစ်စီး၊ ဆီရောင်းချရငွေ ငါးသိန်းကျပ်နှင့် ဆီဖြည့်ရန် ရောက်ရှိနေသည့် ညောင်ဦးမြို့နယ် ဘုန်းတော်ကျေးရွာနေ ဦးစန်းယု ၃၈ နှစ်၏ HONDA Fit အမျိုးအစား အဖြူရောင်မော်တော်ယာဉ် တစ်စီးတို့ကို လုယက်ယူဆောင်ပြီး ဆီဆိုင်ဝန်ထမ်းများအနက် ဆီဆိုင်မန်နေဂျာဖြစ်သူ ညောင်ဦးမြို့အမှတ်(၅)ရပ်ကွက်နေ ဦးဝင်းမြင့်ထွန်း (ခ)ဦးညီညီထွန်း ၄၀ နှစ်နှင့် ဒုမန်နေဂျာဖြစ်သူ ညောင်ဦးမြို့နယ်တောင်ဘကျေးရွာနေ ဦးဆန်းလွင်ဦး ၄၂ နှစ်တို့ နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်၍ ညောင်တိုကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို လိုက်လံဆောင်ရွက်ခဲ့သည်။

ထိုသို့ နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အဆိုပါစက်သုံးဆီဆိုင်၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ ကန်ပေါက်(အရှေ့)ကျေးရွာနှင့် ကျောက်ကန်ကျေးရွာကြား အရောက် PDF အမည်ခံ အကြမ်းဖက်သမား လေးဦး (စိစစ်ဆဲ)က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးအား MA-13 သေနတ် တစ်လက်၊ ငှင်းကျည် ၁၀ တောင့်၊ ကျည်အိမ် တစ်ခု၊ MA- 1 သေနတ် တစ်လက်၊ ငှင်းကျည် ၁၀ တောင့်နှင့် ကျည်အိမ် တစ်ခုတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ကျန်အကြမ်းဖက်သမား နှစ်ဦးမှာ ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ"DENKO" စက်သုံးဆီဆိုင်အား ဝင်ရောက်ဓားပြတိုက်လုယက်ကာ ဆီဆိုင်ဝန်ထမ်းနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ညောင်ဦးမြို့မရဲစခန်းက (ပ)၆၂/၂၀၂၅၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ခ)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီး ဖမ်းဆီးခံရသူများကို ပြန်လည်ကယ်တင်နိုင်ရေးနှင့် အကြမ်းဖက်လုယက်ယူဆောင်သွားသည့်ပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ "DENKO" စက်သုံးဆီဆိုင်အား ဝင်ရောက်စားပြတိုက်လုယက်ကာ ဆီဆိုင်ဝန်ထမ်းနှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့်ဖြစ်စဉ်မှ PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးအား ၎င်းတို့ကိုင်ဆောင်သည့် လက်နက်၊ ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

---

❑ **မြစ်ရေနှင့် ချောင်းရေအခြေအနေမှ**

သုံးပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာလှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။




အဆိုပါ ဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့်ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၂၆ မှအဆက်**

တိုက်တွန်းလိုပါတယ်” ဟု ပြောသည်။

“ကျွန်မတို့ နောင်ချိုနယ်ထဲမှာ တိုက်ပွဲတွေဖြစ်ပွားတဲ့အတွက် အကြမ်းဖက်အဖွဲ့တွေဟာ ကျွန်မတို့နေထိုင်တဲ့ ကျေးရွာတွေကိုလာပြီးတော့ အဓမ္မဖမ်းဆီးတဲ့အတွက် အကြမ်းဖက်ဖွဲ့ထဲကို ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်မကတော့ အဖွဲ့ထဲမှာ တပ်သားအနေနဲ့ ဘဏ္ဍာရေးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မတို့ အကြမ်းဖက်အဖွဲ့မှာ လူသစ်စုဆောင်းရေးအတွက် နောင်ချိုမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေကိုလိုက်ပြီးတော့ အဓမ္မဖမ်းဆီးတာတွေ တစ်အိမ်တစ်ဦးမဖြစ်မနေဝင်ရောက်တာတွေ လုပ်ဆောင်ခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ကျွန်မကတော့ အဖွဲ့ထဲမှာ အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် တိုက်ခိုက်ရတာမျိုးတော့ လုပ်ဆောင်ခြင်းမရှိပါဘူး။ ကျွန်မတွေ့မြင်ရတာကတော့ ခေါင်းဆောင်ပိုင်းတွေရဲ့ အာဏာပြပြီးတော့ဆဲဆိုတာတွေ မတရားညှဉ်းပန်းနှိပ်စက်တာတွေတော့ တွေ့ရပါတယ်။ ကျွန်မ အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် အဖွဲ့ထဲမှာ နေထိုင်ရတာ ဘဝလုံခြုံမှုတော့ မရှိပါဘူး။ ခေါင်းဆောင်ပိုင်းတွေရဲ့ အာမခံချက်နဲ့ လုပ်ဆောင်ချက်တွေက ကိုက်ညီမှုမရှိတဲ့အတွက် အဖွဲ့မှာ နေရတာ ကြာလာတာနဲ့အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့ပါတယ်။ ကျွန်မ အလင်းဝင်ဖို့ တပ်မတော်ထံ ချိတ်ဆက်တဲ့အချိန်မှာ စိတ်ကတော့ စိုးရိမ်စိတ်တွေတော့ ဖြစ်မိပါတယ်။ ဒါပေမဲ့ ကျွန်မ အမှန်တကယ် အလင်းဝင်ဖို့ လာရောက်တဲ့အချိန်မှာ တပ်မတော်အနေနဲ့ သားသမီးတစ်ဦးလို နွေးထွေးစွာဆက်ဆံတယ်။ မိသားစုဝင်တစ်ဦးလို နွေးထွေးစွာ ဆက်ဆံတဲ့အတွက် စိတ်လုံခြုံမှုရှိခဲ့ပါတယ်။ ကျွန်မ အခုလို အလင်းဝင်ရောက်လာရတဲ့အတွက် ကျွန်မကိုယ်ကျွန်မ မှန်ကန်တယ်လို့ မြင်မိပါတယ်။ ကျွန်မအခုလို အလင်းဝင်ရောက်လာပြီးတော့ မိသားစုနဲ့အတူ နွေးထွေးစွာနေထိုင်ရသလိုမျိုး အဖွဲ့ထဲမှာရှိတဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေ၊ လူငယ်တွေကိုလည်း တောထဲမှာ အခုလိုနေထိုင်နေမယ့်အစား မိသားစုနဲ့အ တူ ပြန်လည်နွေးထွေးစွာ နေထိုင်ဖို့ တိုက်တွန်းချင်ပါတယ်။ နောက်ပြီးတော့ တပ်မတော်အနေနဲ့လည်း အလင်းဝင်ရောက်လာမယ့် လမ်းမှားတဲ့ လူငယ်တွေကို ကြိုဆိုလျက်ရှိပါတယ်။ ကျွန်မတို့ အရင်က ကြားခဲ့ဖူးတဲ့ ခေါင်းဆောင်ပိုင်းတွေရဲ့ မဟုတ်မမှန်ဘဲနဲ့ ပြောတဲ့စကားဖြစ်စေ၊ မှန်တာပြောတဲ့ စကားဖြစ်စေ သူတို့ရဲ့စကားတွေကို နားမယောင်ဘဲနဲ့ ဘဝရှေ့ရေးလျှောက်လှမ်းဖို့အတွက် အလင်းဝင်ရောက်ဖို့ တိုက်တွန်းလိုပါတယ်” ဟု ပြောသည်။ (၅၀၁)

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြား စာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက် ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်–

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်–

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံ** ဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇







Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊


ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



5 Digits
အောင်ဘာလေ အွန်လိုင်းထီ

"117 နဲ့ ထီကံစမ်းခြင်း (၂)မျိုး"

*117# ကို ခေါ်ဆို၍ ဝယ်ယူခြင်း

*117# သို့ (ABL1, ABL3, ABL5, ABL10) ဟု SMS ပေးပို့ပြီး ဝယ်ယူခြင်း

Scan Me

Call Center 777 (or) 09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘောလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပလဆ (၂)အထကကျောင်း၊ Grade-12 တွင် ပညာသင်ကြား နေသော မယုယထွေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စိုးဖြစ်ပါကြောင်း။ ဦးကျော်စိုး(၉/ကဆန(နိုင်)၀၇၉၄၄၇)

## ဖခင်အမည်မှန်


မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပလဆ(၂) အထကကျောင်း၊ Grade-12 တွင် ပညာသင်ကြား နေသော မောင်အောင်ဖြိုးလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝန်ကြီးချုပ်ဖြစ်ပါကြောင်း။ ဦးဝန်ကြီးချုပ်(၉/အမရ(နိုင်)၀၇၁၇၃၁)

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ ပေါက်လုံရပ်ကွက်၊ မနန်းစံငင်း (ဘ) ဦးစိုင်းကျော်ဝင်း(၁၃/နခန(နိုင်)၀၆၅၉၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၇၉၅၅၀၆၉

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ... စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ❖လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ် သုံးစွဲရန်မသင့်လျော်သည့် နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



တာချီလိတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်များသို့ သွားရောက်ကြည့်ရှု

စာမျက်နှာ- ၁၇

## Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အင်္ဂလန်ဂေါက်သီးရိုက်မယ် ဖန်နွမ်လော့တီ ဆွတ်ခူး

**အီဒင်ဘာ့ဂ် ဇူလိုင် ၂၉**

စကော့တလန်နိုင်ငံတွင် ကျင်းပခဲ့သည့် Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ဖန်နွမ်လော့တီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်မယ် လိုပက်ဇ်နှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်စီယန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ရိုက်ကာ

စာမျက်နှာ ၂၅ ကော်လံ ၁ ☆




## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မြစ်ရေနှင့် ချောင်းရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့

စာမျက်နှာ ၂၇ ကော်လံ ၁ ❑

